# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်( ၂၇၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၅ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ (၂)နှစ်ပြည့်အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၅ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ (၂)နှစ်ပြည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိအဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊


*စာမျက်နှာ ၃ ကော်လံ ၁* ❑




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


**ယနေ့** *ဖတ်စရာ*




ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့်ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၅)
ဆောင်းပါး စာ ၁၀

မြစ်သားမြို့နယ်၌ ဝါသီးနှံများ စတင်ထွက်ပေါ်လျက်ရှိ
စီးပွားရေးသတင်းများ စာ ၁၅

ဆင်းရဲငြိမ်းမှုချမ်းသာရာ သစ္စာလေးဖြာမြတ်ဒေသနာ
ဆောင်းပါး စာ ၁၆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

❑ *ရှေ့ဖုံးမှ*

အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသော ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကပ်လှူပူဇော်

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီး ကပ်လှူပူဇော်သည်။

### နာယူကြည်ညို

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီး ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် ဇနီး ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*

တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းချအမျှပေးဝေ**

ထို့နောက် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၄ မှ*

အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



## နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိ အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက တပ်ကုန်း တပ်နယ်အသင်းနှင့် ဇေယျာသီရိ တပ်နယ်(ခ)အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် တံခွန်စိုက်ဖလားဆုရရှိသော ဇေယျာသီရိတပ်နယ်(ခ) အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၂၇ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝေနမ်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်များနှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၃)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၃) ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ညစာစားပွဲတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပြီး သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်နှင့် သံအမတ်ကြီးတို့သည် အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၃) ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကြသည်။

ဆက်လက်၍ သံအမတ်ကြီးက ညစာစားပွဲတက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါညစာစားပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**






## နိုင်ငံ့ရေရှည်အကျိုးအတွက် EV နည်းပညာရှင်များ ပျိုးထောင်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၇**

EV (Electric Vehicle) ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၂/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပသည်။

ဦးစွာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက EV သုံးစွဲမှုမှ လေထုနှင့် အသံညစ်ညမ်းမှုများ လျှော့ချနိုင်ကာ ကျန်းမာရေးဆုလာဘ်များရရှိခြင်း၊ စက်သုံးဆီနှင့် အင်ဂျင်ပြုပြင်ထိန်းသိမ်းရမှုအတွက် ကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ ဂေဟစနစ်နှင့် ကိုက်ညီစေခြင်း၊ အဆင့်မြင့် Smart Transportation System ဖြစ်ကာ Smart City များ ဖြစ်ထွန်းလာစေခြင်း စသောအကျိုးကျေးဇူးများအပြင် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို EV ကဏ္ဍ ဖွံ့ဖြိုးလာပါက ဖြစ်ထွန်းစေနိုင်သဖြင့် သင်တန်းသားများသည် EV သုံးစွဲသူပြည်သူများအတွက် အမှန်တကယ် အကျိုးပြုနိုင်မည့် နည်းပညာရှင်များ ဖြစ်စေရေး သင်တန်းကာလအတွင်း စိတ်ရောကိုယ်ပါနစ်မြှုပ်ကာ ကြိုးပမ်းလေ့ကျင့်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် EV အလုပ်ရုံသို့ သွားရောက်ကာ သင်တန်းသားများ၏ လက်တွေ့လုပ်ငန်းများကို အဆင့်မြင့်သင်ထောက်ကူမော်ကျူးများဖြင့် လေ့ကျင့်သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို မှာကြားသည်။

အခမ်းအနားသို့ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ တက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) နှင့် ရန်ကုန်မြို့ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းသို့ပြင်ပ EV လုပ်ငန်းများမှ သင်တန်းသား ၁၉ ဦးနှင့် ဌာနဆိုင်ရာများမှ သင်တန်းသား ခြောက်ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)၌ စက်ရုံလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၇**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇူလိုင် ၅ ရက်က ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)၌ လေသန့်စင်အလုပ်ရုံလည်ပတ်နိုင်ရေးအတွက် ပြည်ပကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် စီမံကိန်းလုပ်ငန်းများ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လက်တွေ့ဆောင်ရွက်နေသည့်လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း ပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဇူလိုင် ၆ ရက် နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် ထုံးနှင့် ဒိုလိုမိုက်ထုတ်လုပ်ရေး အလုပ်ရုံနှင့် Air Compressor အလုပ်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကာ လေသန့်စင်အလုပ်ရုံ၌ ပြည်ပကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံသည်။(**အောက်ပုံ**)

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပထမအဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ အောင်မြင်ပြီးမြောက်စေရေးအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား၊ ရေနှင့် Compressor Oil တို့ ပြည့်စုံစွာရောက်ရှိနိုင်မည့် အခြေအနေ၊ ပိုက်လိုင်းများအတွင်း အညစ်အကြေးများ ဖယ်ရှားခြင်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်မှု၊ သံရည်ကျိုမီးဖို အဆင်သင့်မဖြစ်မီ နိုက်ထရိုဂျင်ဓာတ်ငွေ့ဖြင့် ဆောင်ရွက်ရန် လိုအပ်မှု၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း အသုံးပြုနိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပြီး အလုပ်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင်နှင့် လည်းကူးခရိုင်တို့ရှိ သတ်မှတ်နေရာများ၌ စုပေါင်းစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်ဇော်နိုင်(ဟိန္ဒူဘာသာ)၊ ဒေါက်တာတူးတူး(ခရစ်ယာန်ဘာသာ)၊ ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)၊ အထွေထွေအတွင်းရေးမှူး ဦးဖွဲ့ရန်နိုင်နှင့် ဗဟိုကော်မတီအတွင်းရေးမှူးများ၊ ဗဟိုအထောက်အကူပြုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးဘုန်းမြင့်နှင့် တိုင်းဒေသကြီးအလုပ်အမှုဆောင်များ၊ ခရိုင်အသီးသီးမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ညွှန်ကြားရေးမှူး ဦးကျော်မိုး၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက စုပေါင်းစိုက်ပျိုးပေးကြသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် စခန်းဝင်အားကစားသမားများကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိမိုးလုံလေလုံအားကစားရုံသို့ ရောက်ရှိပြီး အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ မြန်မာ့ဘော်လီဘောအားကစားနည်း ပြန်လည်အောင်မြင်လာအောင် ကြိုးစားပြီး နိုင်ငံတော်အတွက် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အားပါဝင်ကူညီရန်မှာကြား၍ ပဏာမလက်ရွေးစင်ဘော်လီဘောအားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဗိုလ်လုပွဲများကို ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် အမျိုးသားမီတာ ၂၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲ၊ အမျိုးသမီး/အမျိုးသားသုံးဆင့်ခုန်ပြိုင်ပွဲ၊ အမျိုးသမီး/အမျိုးသားမီတာ ၁၅၀၀ ပြိုင်ပွဲ၊ အမျိုးသမီး/အမျိုးသား မီတာ ၁၀၀ ပြိုင်ပွဲ၊ အမျိုးသမီး/အမျိုးသားမီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲများတွင် စံချိန်ချိုးအားကစားသမားများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေတို့ကိုလည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသွားသော ရှမ်းပြည်နယ်အသင်း၊ အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသွားသော ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသွားသော ရှမ်းပြည်နယ်အသင်းတို့ကို တံခွန်စိုက်ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားရုံသို့ ရောက်ရှိပြီး လူရွေးချယ်ရန်အတွက် လေ့ကျင့်နေသော Kabaddi အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က မိမိတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လက်ခံကျင်းပမည့် ပြိုင်ပွဲကျင်းပရေးဆိုင်ရာများကို တင်ပြဆွေးနွေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်သည့် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအပေါ် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# (၁၅)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များအား ကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆု ချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး(ဗဟို)က ကျင်းပသော (၁၅)ကြိမ်မြောက် ဟာသပညာရှင်ကြီးများအား ကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆု ချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(၄၈)ရပ်ကွက်၌ ကျင်းပသည်။



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ကန်တော့ခံသက်ကြီးဟာသပညာရှင်များ၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို)မှ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဟာသပညာရှင်များ၊ အနုပညာနယ်ပယ်အသီးသီးမှ အနုပညာရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး၏ လှုပ်ရှားမှုမှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသပြီး မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး ဂုဏ်ပြုတေးသီချင်းဖြင့် အစည်းအရုံးဝင်များက ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ကန်တော့ခံသက်ကြီးဟာသပညာရှင်ကြီးများ၏ ဘဝတစ်သက်တာတွင် ပြည်သူများအား အပန်းပြေပျော်ရွှင်စေပြီး နိုင်ငံအေးချမ်းသာယာရေးတွင်လည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ သက်ရှည်ကျန်းမာပြီး နိုင်ငံနှင့် ပြည်သူ့အကျိုး ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် ဟာသပညာရှင်မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းအနုပညာအမွေပေးဝေနိုင်ကြပြီး ရိုးရာအနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းကာ ဟာသလောက ရေရှည်တည်တံ့ဖွံ့ဖြိုးနိုင်ပါစေကြောင်း မှာကြားစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဒိန်းဒေါင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး(ဗဟို) သို့ ပြန်ကြားရေးဝန်ကြီးဌာနက အလှူငွေကျပ်သိန်း ၅၀ အား ဒုတိယဝန်ကြီး ဦးရဲတင့်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ အား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်ကလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အလှူငွေကျပ်သိန်း ၂၀ အားလည်းကောင်း၊ အလှူရှင်များက အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဟာသတစ်သက်တာဆုရရှိကြသည့် အကယ်ဒမီ ဦးမိုးဒီ၊ ဦးဖိုးဆောင်း၊ ဦးစံမိုး၊ ဦးတိမ်ညွန့်၊ ဦးပေါ်လေး၊ ဦးဥသြ၊ ရေဒီယို ဦးမန်းကျော်နှင့် ဦးရွှေဂဲတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဟာသဖန်တီးမှုထူးချွန်ဆုရရှိသည့် ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)နှင့် ဟာသထူးချွန်ဆုရရှိသည့် အကယ်ဒမီများရှင် ရန်အောင်တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီး ဦးငွေအောင်က ပရဟိတထူးချွန်ဆုရရှိသည့် ဖြူဖြူထွေး၊ ဟာသပညာထူးချွန်ဆုရရှိသည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ ကျော်ကျော်ဗိုလ်၊ ဟာသထူးချွန်ဆုရရှိသည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် စိုးမြတ်သူဇာတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဒိန်းဒေါင်က မျိုးဆက်သစ်ဟာသထူးချွန်ဆုရရှိသည့် သာတီတူးကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးအုန်းသီးက ဟာသထူးချွန်ဆုရရှိသည့် ဝိုင်းချစ်၊ ပရဟိတထူးချွန်ဆုရရှိသည့် ဦးချစ်စံနှင့် ဦးဒေါင်းရှိန်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး(ဗဟို)အကြံပေးနာယက ဦးငြိမ်းချမ်းက ပရဟိတထူးချွန်ဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးပေါ်ပေါ်ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်တက်ရောက်လာကြသူများက သက်ကြီးဟာသအနုပညာရှင်ကြီးများအား ပူဇော်ကန်တော့ကြပြီး ကန်တော့ခံသက်ကြီးဟာသအနုပညာရှင်များကိုယ်စား သက်ကြီးဟာသအနုပညာရှင်အကယ်ဒမီဦးမိုးဒီက ကျေးဇူးတင်စကား ပြောကြားသည်။

**သတင်းစဉ်**



# (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဟောပြောပွဲကျင်းပ

**မြင်းခြံ ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံတက္ကသိုလ်၌ အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ဘက်စုံသုံးခန်းမ၌ ပြုလုပ်သည်။

(၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲများကို ဇူလိုင် ၃ ရက်တွင် ကျင်းပရာ မြင်းခြံတက္ကသိုလ်ရှိ ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူ ၅၆ ဦးနှင့် ဝန်ထမ်း ၁၄ ဦး စုစုပေါင်း ၇၀ ဝင်ရောက်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုများရရှိသည့် ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ်ဆရာမကြီး၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီးနှင့် ပါမောက္ခများက ဆုများပေးအပ်သည်။ ဟောပြောပွဲတွင် မြန်မာစာဌာန ပါမောက္ခ ဒေါက်တာနေလင်းက "ပြည်ထောင်စုအကျိုး အစဉ်ရှေးရှု အာဇာနည်နေ့အလေးပြု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သမိုင်းဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ သောင်းဝင်းနိုင်က "အာဇာနည်နေ့ သမိုင်းဝင်အမှတ်တရနေရာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။

အဆိုပါ (၇၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဟောပြောပွဲသို့ ပါမောက္ခချုပ် ဆရာမကြီး၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီးနှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၂၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**



## မကွေးတိုင်းဒေသကြီး၌ ခရိုင်ပေါင်းစုံ အသက် (၂၅) နှစ်အောက် အမျိုးသား ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မကွေး ဇူလိုင် ၇**
၂၀၂၅ ခုနှစ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၂၅) နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးပြီး အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆားစည်ကျောင်းမှ ဘင်ခရာအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ထို့နောက် အမျိုးသားပထမဆုံးပွဲစဉ်အဖြစ် အောင်လံခရိုင်အသင်းနှင့် ပခုက္ကူခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပခုက္ကူခရိုင်အသင်းက ခုနစ်ဂိုး သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ခရိုင်ပေါင်းစုံအသက် (၂၅) နှစ်အောက် အမျိုးသား ဖူဆယ်ပြိုင်ပွဲကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များမှ အသင်း ခြောက်သင်းက အုပ်စုပတ်လည်ကစား၍ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက်တွင် ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## (၆၃) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၇**
(၆၃) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ တပ်မတော် စက်ပစ်ကွင်း၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူးက အမှာစကား ပြောကြားပြီး မိုးပျံပူဖောင်းကို ပစ္စတိုသေနတ်ဖြင့် ပစ်ဖောက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု (အမျိုးသား) အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ် ဌာနချုပ်ကိုယ်စားပြု (အမျိုးသား) အသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြု (အမျိုးသမီး) နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (အမျိုးသမီး) အသင်းတို့၏ ထိလဲပြားပစ်ခတ်စဉ် သရုပ်ပြပစ်ခတ်ခြင်းတို့ကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ ) သေနတ်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၈ သင်းဖြင့် ဇူလိုင် ၂၀ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ပို့ကုန်လုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး MRF Rice Export Exchange ကျင်းပ

**ရန်ကုန် ဇူလိုင် ၇**
မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပို့ကုန်မှ ဦးဆောင်သော ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးမှုကို အမျိုးသားပို့ကုန် မဟာဗျူဟာနှင့်အညီ ပုဂ္ဂလိကအပိုင်းရှိ ကုမ္ပဏီအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းလျက်ရှိရာ ယခုနှစ် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တန်ချိန် သုံးသန်း တင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာ ဈေးကွက်အသီးသီးတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် Market Insights, Sustainability Drive, Best Practices and Global Trends များဆိုင်ရာ အတွေ့အကြုံများ မျှဝေပေးသည့် MRF Rice Export Exchange တွေ့ဆုံဆွေးနွေးပွဲကို လစဉ်ကျင်းပပြုလုပ်သွားရန် အသင်းချုပ်၏ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၅ ရက်တွင် ရန်ကုန်မြို့ Summit Parkview Hotel ၌ ပထမအကြိမ် ကျင်းပသည့် MRF Rice Export Exchange အစီအစဉ်သို့ အသင်းချုပ်ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ အသင်းဝင်ကုမ္ပဏီများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ပထမပိုင်း Keynote Session အဖြစ် နယ်သာလန်နိုင်ငံ အခြေစိုက် Control Union မှ Global Certification Standards, Market Access Strategies, and Pathways for Myanmar Rice Exporters to align with International




Sustainability Expectations နှင့် Sustainable Rice Production ဆိုင်ရာ ရှင်းလင်းတင်ပြချက်ကို တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

ဒုတိယပိုင်း အစီအစဉ်တွင် Solar Energy, Renewable Energy တို့ဖြင့် ဆန်စပါး ထုတ်လုပ်မှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကို ဆွေးနွေးခဲ့ကြပြီး အသင်းချုပ်နှင့် MoU ရေးထိုးထားသည့် Solar ကုမ္ပဏီများ၊ Solar system တပ်ဆင်အသုံးပြုမည့် ပို့ကုန်ကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းများမှ ၎င်းတို့ဆောင်ရွက်နေမှုများ၊ အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးကြသည်။

Solar လုပ်ငန်း နည်းပညာနှင့် လုပ်ငန်း အကောင်အထည်ဖော်ရာတွင် အကြံဉာဏ်ပေးနိုင်ရေးအတွက် Smart Power Myanmar နှင့် အသင်းချုပ်တို့အကြား Letter of Intent – LoI လက်မှတ်ရေးထိုးခြင်း၊ Solar ကုမ္ပဏီများ ဖြစ်ကြသည့် Danayarzar Construction Co., Ltd.၊ Asia Mega Link Co., Ltd.၊ ACEE Co., Ltd. တို့နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးကြသည်။

ပို့ကုန်လုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီကြီးများ၏ ဆန်စက်များတွင် Solar Energy ကို တိုးမြှင့်သုံးစွဲနိုင်ရန် ရည်ရွယ်ပြီး အသင်းချုပ်သည် Solar Energy ဆိုင်ရာ ကုမ္ပဏီ ၁၇ ခုနှင့် MoU လက်မှတ်ရေးထိုးကြသည်။

Solar Energy တပ်ဆင်မည့် ဆန်စက် ၂၈ လုံး (တပ်ဆင်အင်အား (၄၁.၉) မဂ္ဂါဝပ်) ကို ၂၀၂၅ ခုနှစ် မတ်လမှစတင်၍ ကနဦးစူးစမ်းလေ့လာရေး၊ တည်ဆောက်တပ်ဆင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်ပြီး ဆန်စပါးစိုက်ပျိုးသည့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေရရှိရေး Solar ဖြင့် ဆောင်ရွက်နိုင်မည့် အလားအလာများကိုပါ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ရန် စီမံကိန်းရေးဆွဲ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **မျိုးမင်းသူရ**

## မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ပတ်ဝန်းကျင်၌ မိကျောင်းအန္တရာယ် သတိထားရှိရန် အသိပညာပေးနှိုးဆော်

**ဘိုကလေး ဇူလိုင် ၇**
မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ဆက်စပ်နေသည့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ချောင်းဖြဲကြီးကျေးရွာအုပ်စု လေ့လုံးကွဲကျေးရွာချောင်းထဲတွင် ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင် နှစ်ရက်ဆက်တိုက် ကျေးရွာသား နှစ်ဦးအား မိကျောင်းဆွဲခံခဲ့ရသဖြင့် အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် မိကျောင်းဆွဲခံရအပြီး ရက်ပိုင်းများမှစတင်၍ နေ့စဉ်သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများက မိကျောင်းအန္တရာယ်သတိထားရှိရန် အသံချဲ့စက်ဖြင့် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ထိစပ်ရာမြစ်၊ ချောင်းများ၌ လှည့်လည်အသိပညာပေးနှိုးဆော် ဆောင်ရွက်လျက်ရှိသည်။

အသိပညာပေးနှိုးဆော်ရာတွင် ယခုကာလ ဇွန်လမှ ဩဂုတ်လအတွင်း ကာလသည် မိကျောင်းများ အသိုက်ကိုက်၊ အသိုက်ဖွဲ့ပြုလုပ်သော ကာလဖြစ်သည့်အတွက် ရေချိုရေငန်စပ်မိကျောင်းများ ရှင်သန်ပေါက်ပွားကျက်စားသည့် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့်ဆက်စပ်ရာ ဒီရေတောဒေသများသည် မိကျောင်းအန္တရာယ်ရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထိုဒေသများအတွင်း နေထိုင်ကြသူများသည် ချောင်းစပ်ကမ်းစပ်များ၌ အိမ်မွေးတိရစ္ဆာန်များအား လွှတ်ကျောင်း မွေးမြူခြင်းမပြုကြရန်၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကလေးငယ်များအနေဖြင့် ချောင်းအတွင်း ရေကစားခြင်း၊ ရေထဲသို့ ခုန်ချခြင်း၊ ကမ်းစပ်၌ အဝတ်လျှော်ခြင်း၊ အချိန်ကြာမြင့်စွာ ရေချိုးခြင်းများ မပြုကြရန်၊ ငါး၊ ပုစွန်များရှာဖွေကြသည့် ရေလုပ်သားများအနေဖြင့်လည်း သတိကြီးစွာထားရှိရန်၊ မိကျောင်းများ ကမ်းစပ်များ၌ ခိုလှုံမှုမရှိစေရေး ကမ်းစပ်များရှိ ချုံ၊ နွယ်၊ ပိတ်၊ ပေါင်းများကို ရှင်းလင်းထားရှိရန်၊ မိကျောင်းများ ရေပြင်၌ သွားလာကူးသန်းသည်ကို တွေ့ရှိပါက တုတ်၊ ခဲများဖြင့် ပစ်ပေါက်ခြောက်လှန့်ခြင်းများ မပြုလုပ်ကြရန် အသိပညာပေးနှိုးဆော်ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# စစ်တွေမြို့၌ မြန်မာအီလက်ထရွန်နစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်း နည်းပြဆရာဖြစ် သင်တန်းဖွင့်လှစ်

**စစ်တွေ ဇူလိုင် ၇**

ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဦးဆောင်ဖွင့်လှစ်သည့် မြန်မာအီလက်ထရွန်နစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းနည်းပြဆရာဖြစ် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြဆရာ ဆရာမများ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ရာ ပြည်နယ်ရွေးကောက်ပွဲအရာရှိက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်က မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်း နည်းပြဆရာဖြစ်သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားသင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက မြန်မာအီလက်ထရွန်နစ် မဲပေးစက် (MEVM) ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြသသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာအီလက်ထရွန်နစ်မဲပေးစက်ဖြင့် မဲပေးခြင်း၊ သရုပ်ပြသခြင်းနှင့် သင်တန်းနည်းပြများက မြန်မာ



အီလက်ထရွန်နစ် မဲပေးစက်အသုံးပြုပုံများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးနေမှုများကို လှည့်လည်ကြည့်ရှု **(အပေါ်ပုံ)** အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း

**နေပြည်တော် ဇူလိုင် ၇**

မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် တာဝန်ရှိသူများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chen Wen Feng နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ Pol. Col. Chinakorn Atsawaphum နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့ ရွှေကုက္ကိုလ် မဲ့ထော်သလေး (KK Park) နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့်ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ပြီး ကောင်းမွန်စွာ ထိန်းသိမ်းထားရှိမှု၊ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။



ထို့နောက် နှစ်နိုင်ငံမှ ကိုယ်စားလှယ်များသည် မြဝတီမြို့ မြန်မာ – ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတား အစည်းအဝေးခန်းမ၌ ကျင်းပသည့် ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) များ ကင်းစင်ပပျောက်သည်အထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၇၈ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ပြီး ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ အပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်သာသနာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။



အဆိုပါ ဆွေးနွေးပွဲတွင် မင်္ဂလာဒုံမြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးထူးကျော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးညီညီထွန်းက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်းစုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

# ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**ပခုက္ကူ ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ ယမန်နေ့က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ဦးစွာ ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ကျော်ဇေလတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးညွန့်တို့က ပခုက္ကူပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများထံ ပျိုးပင်များ ပေးအပ်ကြသည်။



ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနှင့် တာဝန်ရှိသူများ၊ ခရိုင်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ပခုက္ကူပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများက မဲဇလီပင် ၁၀၀၊ ရင်းမာပင် ၁၀၀၊ ဆီးဖြူပင် ၄၀၊ ပိတောက်ပင် ၃၀၊ ခရေပင် ၃၀၊ စုစုပေါင်းသစ်ပင် ၃၀၀ တို့ကို ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးနှင့် အရိပ်အာဝါသရရှိစေရေးတို့အတွက် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ (ပခုက္ကူ)**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

**မိုး/ဇလ**

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၅)

*ဒေါက်တာမျိုးကြွယ်(ပါမောက္ခချုပ်-ငြိမ်း)*

**အသက်မွေးဝမ်းကျောင်းသင်တန်းများ**

ဩစတြေးလျက စိုက်ပျိုး၊ မွေးမြူရေးမှာ ထိပ်တန်းရောက်နေပြီး စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များစွာ နိုင်ငံတကာတင်ပို့လျက်ရှိနေပါသည်။

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်မှ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများအကြောင်း ဆက်လက်ဆွေးနွေးပါမည်။

ပထမဦးစွာ ဩစတြေးလျအစိုးရတက္ကသိုလ်များသည် လုံးဝလွတ်လပ်စွာစီမံခန့်ခွဲမှု မဟုတ်ဘဲ ငွေကြေးသုံးစွဲမှုဆိုင်ရာအပိုင်းတွင် အစိုးရဘတ်ဂျက်မှ ပံ့ပိုးမှုရှိပါသည်။

### ဩစတြေးလျတက္ကသိုလ်များ လွတ်လပ်စွာ စီမံခန့်ခွဲမှု ခြုံငုံသုံးသပ်ချက်

**(က) တက္ကသိုလ်များ၏ စီမံခန့်ခွဲမှုများ**

(က-၁) **ပညာရပ်ဆိုင်ရာလွတ်လပ်မှု**။ တက္ကသိုလ်များက မိမိပိုင်သင်ရိုးညွှန်းတမ်းများ၊ ဦးစားပေးသုတေသနများ၊ သင်ကြားရေးနည်းစနစ်များကို လွတ်လပ်စွာ လုပ်ဆောင်ပါသည်။

(က-၂) **တက္ကသိုလ်အုပ်ချုပ်မှု**။ တက္ကသိုလ်တိုင်းမှာ အုပ်ချုပ်ရေးကောင်စီ/ ဆီးနိတ်ရှိပြီး တက္ကသိုလ်ဝန်ထမ်းနှင့် ပြင်ပပုဂ္ဂိုလ်များစွာ ပါဝင်စီမံကွပ်ကဲလျက်ရှိပါသည်။

(က-၃) **တက္ကသိုလ်ဝင်ခွင့်နှင့် ပညာရှင်များခန့်ထားမှု**။ တက္ကသိုလ်က တက္ကသိုလ်ဝင်ခွင့် စံသတ်မှတ်မှု၊ ပညာရှင်၊ ဝန်ထမ်းများခန့်ထားမှု၊ တက္ကသိုလ်အတွင်း မူဝါဒများချမှတ်မှု စသည်တို့ ဆောင်ရွက်ပါသည်။

(က-၄) **သတ်မှတ်ဘတ်ဂျက် / ငွေကြေးကိစ္စ** ။ အစိုးရမှ ချမှတ်ပေးသော ဘတ်ဂျက်အပြင်၊ ငွေကြေးဆိုင်ရာဆောင်ရွက်မှု အချို့ပြုလုပ်ပါသည်။

**(ခ) အစိုးရမှဆောင်ရွက်မှုများ**

(ခ-၁) **အဓိကငွေကြေးပံ့ပိုးမှု**။ အစိုးရ(ဖက်ဒရယ်/ပြည်နယ်) က ငွေကြေးချမှတ်၊ သတ်မှတ်ပေးသည်။ ဥပမာ - Commonwealth Grant Scheme, Research Grants၊ သင်ကြားရေးနှင့် သုတေသနအဓိက




နယူးဆောက်ဝေးပြည်နယ် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများ။

သတ်မှတ်ပေးပါသည်။

(ခ-၂) **အရည်အသွေးသတ်မှတ်မှုနှင့် စည်းမျဉ်းများ** ။ အဆင့်မြင့်ပညာ အရည်အသွေးစံသတ်မှတ်ချက် ကိုယ်စားလှယ်အဖွဲ့က နိုင်ငံတစ်ခုလုံး၏ အဆင့်မြင့်ပညာရေးစံသတ်မှတ်မှု ပြုလုပ်သည်။ တက္ကသိုလ်တိုင်းက အမျိုးသားပညာရေးမူဝါဒ သတ်မှတ်ရေးဘောင်အတွင်း မီရပါမည်။

(ခ-၃) **အပြည်ပြည်ဆိုင်ရာ ကျောင်းသား ကျောင်းသူဆိုင်ရာ မူဝါဒများ** ။ အစိုးရက နိုင်ငံတကာကျောင်းသား ကျောင်းသူ ပြည်ဝင်ခွင့် သတ်မှတ်ချက်၊ အပြည်ပြည်ဆိုင်ရာ ပညာရေးဈေးကွက်များ၊ တက္ကသိုလ်အလိုက် လေးစားလိုက်နာရမှု စသည်တို့ကို စိစစ်အုပ်ချုပ်ပေးသည်။

(ခ-၄) **အမျိုးသားသုတေသနဆိုင်ရာ ဦးစားပေးမှုများ** ။ ဩစတြေးလျသုတေသနကောင်စီက အစိုးရ၏မူဝါဒနှင့် တစ်သမတ်တည်း ပြုလုပ်နေသည်။

**ဩစတြေးလျနိုင်ငံအသက်မွေးဝမ်းကျောင်းပညာ၏ အဓိကအချက်များ**

**(Key Features of TAFE Agriculture Programs in Australia)**

(က) လက်တွေ့ကျ၊ လွယ်ကူရိုးရှင်းသော နည်းလမ်းစနစ်ဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေသော စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာပြဿနာများကို အခြေခံပါသည်။

( ခ ) လက်တွေ့လုပ်ငန်းများ / ကုမ္ပဏီများ၏ ဦးဆောင်ဆောင်ရွက်သူများက သင်တန်း ဆရာ/ ဆရာမဖြစ်သည်။ သူတို့၏ဗဟုသုတအတွေ့အကြုံများက ခေတ်မီလက်တွေ့ကျပါသည်။

( ဂ ) အမျိုးသားအဆင့်/နိုင်ငံတော်အဆင့် သင်ကြားပေးသော သင်တန်းများဖြစ်ပြီး အရည်အသွေးရှုထောင့်မှ ဩစတြေးလျတစ်နိုင်ငံလုံး အဆင့်မီပြီး ဖြစ်ပါသည်။

(ဃ) သင်တန်းပြီးဆုံးပြီး အလုပ်အကိုင်ရရှိရေး အာမခံချက်ရှိပါသည်။

( င ) သင်တန်းများက ပြောင်းလွယ်ပြင်လွယ် ရှိပါသည်။ သင်တန်းများက အချိန်ပြည့်၊ အချိန်ပိုင်း၊ အွန်လိုင်း၊ နှစ်ခုပေါင်း (Blended-Learning) သင်ကြား၊ လေ့ကျင့်ပေးသဖြင့် ဘာသာရပ်၊ ပညာရပ်၊ လုပ်ငန်းလိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိပါသည်။

( စ ) သင်တန်းအများစုက အခမဲ့သင်တန်းဖြစ်သဖြင့် ဝါသနာပါသူ၊ ငွေကြေးမတတ်နိုင်သူများအတွက် အလွန်သင့်တော်ပြီး အလုပ်အကိုင် တိုက်ရိုက်ရရှိစေမှုကို အထောက်အကူပြုနေပါသည်။

လက်ရှိအသက်မွေးဝမ်းကျောင်း လက်မှတ်ရသင်တန်း နမူနာအချို့ကို ကြည့်ရအောင်ပါ။

(၁.၁) **ခြံစည်းရိုးခတ်ခြင်း ကျွမ်းကျင်လက်မှတ်ရသင်တန်း** ။ ပညာအရည်အချင်းမလိုဘဲ ဩစတြေးလျ စိုက်ကွင်း၊ မွေးမြူရေးခြံများကို စနစ်တကျ ခြံစည်းရိုးခတ်၊ အဆောက်အအုံ ဆောက်လုပ်ခြင်းများကို သင်ကြားပေးသည်။

(၁.၂) **ထရက်တာများ လုံခြုံစိတ်ချစွာမောင်းနှင်ခြင်း လက်မှတ်ရသင်တန်း (Safe Tractors Operation)** ။ ပညာအရည်အချင်းမလိုပါ၊ ကျွန်တော်တို့နိုင်ငံတွင်တော့ ထွန်စက်မောင်းသင်တန်း ခေါ်မလားမသိပါ။ ဤလက်မှတ်မရရှိဘဲ ဩစတြေးလျနိုင်ငံတွင် ထရက်တာများ မောင်းနှင်ခွင့်မရှိပါ။ မြန်မာနိုင်ငံတွင်တော့ လူဟောင်းအများစုက တစ်ဦးချင်း လက်ဆင့်ကမ်း (Hand-to-Hand) သင်ပေးပြီး လက်ဆင့်ကမ်းမောင်းနှင်ကြပါသည်၊ အလွန်အန္တရာယ်ကြီးပါသည်။

(၁.၃) **စိုက်ပျိုးရေးဆေးရောင်းချခြင်း/သုံးစွဲခြင်း လက်မှတ်ရသင်တန်း**။ (Agricultural Chemicals Skill set) ဤဓာတုပစ္စည်းများကို စနစ်တကျ ကိုင်တွယ်ပြုပြင်ခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများ ဖြစ်ပါသည်။ လက်မှတ်ရမှ စနစ်တကျ သုံးစွဲခွင့်ပြုပါသည်။

**စာရေးသူ၏အတွေးတစ်စကတော့ -**

(က) စိုက်ပျိုးမွေးမြူရေးပညာ သင်ကြားနေသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများက တောင်သူဦးကြီးများအတွက် အထက်ပါကဲ့သို့ လက်မှတ်ရလက်တွေ့သင်တန်း အခမဲ့ ပို့ချ၊ သင်ကြား၊ သင်တန်းပေးသင့်ပါသည်။ ဩစတြေးလျတက္ကသိုလ်၊ ကောလိပ်သင်တန်းကျောင်းများက တောင်သူများကို အခမဲ့ နီးပါး (အချိန်တစ်ပတ်၊ နှစ်ပတ်ခန့်) စိုက်ပျိုးရေးဦးစီးဌာနက အခါအားလျော်စွာ သင်တန်းများပေးနေသော်လည်း လုံလောက်မှုမရှိသေးပါဟု သုံးသပ်မိပါသည်။

*စာမျက်နှာ ၁၁ သို့*

**ဇယား - ၁ ဩစတြေးလျအသက်မွေးဝမ်းကျောင်းစနစ်**

**(Key Characteristics of Australia’s TVET System)**

| အင်္ဂါရပ်များ<br>Features | သရုပ်ဖော်ပြချက်<br>Description |
|---|---|
| စနစ်အမည်<br>System Name | အသက်မွေးဝမ်းကျောင်းပညာနှင့်သင်တန်း<br>Vocational Education and Training |
| အုပ်ချုပ်မှုပုံစံ<br>Goverance | ဩစတြေးလျဖက်ဒရယ်နှင့်ပြည်နယ်အစိုးရ<br>Australian Federal and State/Territory Governments |
| အာဏာပိုင်အဖွဲ့<br>Regulatory Body | ဩစတြေးလျကျွမ်းကျင်မှုဆိုင်ရာအရည်အသွေးထိန်းအဖွဲ့<br>ASQA - Australian Skills Quality Authority |
| အရည်အသွေးစံသတ်မှတ်မှု<br>Qualification Framework | အမျိုးသားအရည်အသွေးစံသတ်မှတ်မှုမူဘောင်<br>AQF - Australian Qualification Framework - Level 1-6 |
| ပေးပို့မည့်အဖွဲ့များ<br>Delivery Providers | သက်မွေးသင်တန်းကျောင်းနှင့် စဉ်ဆက်မပြတ်ပညာရေးအဖွဲ့၊ မှတ်ပုံတင်ထားသောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကောလိပ်များ<br>TAFEs, Registered Training Organizations (RTOs), Private colleges |
| ရန်ပုံငွေ<br>Funding | ပြည်သူ့ဘဏ္ဍာငွေ၊ ကျောင်းသား ကျောင်းသူချေးငွေ၊ သင်တန်းကြေးများ၊ အလုပ်ရှင်မှ ထောက်ပံ့ငွေများ<br>Public funding (VET student loans); fee-for-service, employer subsidies |
| ပညာရေးလမ်းကြောင်း<br>Pathways | အဆင့်မြင့်ပညာ (သို့) အလုပ်အကိုင်<br>Clear progression to university or employment |

**ဇယား - ၂ ဩစတြေးလျအသက်မွေးဝမ်းကျောင်းနှင့်စဉ်ဆက်မပြတ်ပညာရေးစနစ်**

**(Key Features of TAFE - Technical and Further Education)**

| သတ်မှတ်ဧရိယာ<br>Area | သရုပ်ဖော်ပြချက်<br>Description |
|---|---|
| ပိုင်ဆိုင်မှု<br>Ownership | အစိုးရရန်ပုံငွေဖြင့်<br>Government-funded (State/Territory level) |
| သင်တန်းကျောင်းများ<br>Institutions | ၃၅-ကျောင်းမှ နယ်မြေ/နေရာပေါင်း ၃၀၀-ကျော် ဆောင်ရွက်လျက်ရှိ<br>Over 35 TAFE providers with 300+ campuses across Australia |
| သင်တန်းပုံစံ<br>Courses Offered | လက်မှတ်ရ၊ ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာ၊ အချို့သော အသုံးချဘွဲ့<br>Certificates I-IV, Diplomas, Advanced Diplomas, some Bachelor degrees |
| ဘာသာရပ်များ<br>Fields of Study | စိုက်ပျိုးမွေးမြူရေး၊ သူနာပြု၊ ဟိုတယ်ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ အချက်အလက်နည်းပညာ၊ ကူးသန်းရောင်းဝယ်ရေး<br>Agriculture, Animal Science, Hospitality, Nursing, Trade, ICT, Business |
| ဝင်ခွင့်လိုအပ်ချက်<br>Entry Requirements | ပြောင်းလွယ်၊ ပြင်လွယ် - အထက်တန်းနောက်ပိုင်း၊ လူကြီးများ<br>Flexible - Open to school leavers, adults, and upskillers |
| လမ်းကြောင်းများ<br>Articulation Pathways | ခရက်ဒစ်ပြောင်း၊ စုပြီး တက္ကသိုလ်အထိသွားနိုင်<br>Credit transfer into university programs |

**အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများနှင့် တက္ကသိုလ်ကွာခြားချက်များလည်း ရှိပါသည်။**

# လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဇူလိုင် ၇**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယမန်နေ့ ညနေပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ကွမ်းခြံကျေးရွာ၊ ကွင်းအမှတ် ၁၇၃၂၊ တောင်သူဦးခင်မောင်ရင်၏ ရေဆင်းပေါ်ဆန်းစပါး သုံးဧက စိုက်ပျိုးဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးကာ သွင်းအားစုများပေးအပ်သည်။ ထို့နောက် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများ မှန်ကန်စွာအသုံးချနိုင်ရေး၊ မိမိတို့ ပတ်ဝန်းကျင်ရှိ စွန့်ပစ်ပစ္စည်းများအား သဘာဝမြေသြဇာများ ပြုလုပ်အသုံးပြုရေး၊ ရာသီအလိုက် သုံးသီးအပြည့် စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းထက် ကျော်လွန်အောင် ထွက်ရှိစေရေးအတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။ ထို့နောက် ဒေသခံတောင်သူများက လိုအပ်ချက်များတင်ပြရာ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ရေလည်ကွေ့ကျေးရွာရှိ ဦးမျိုးမျိုး၏ ဝက်မွေးမြူရေးခြံနှင့် ဒေါ်ခင်လှ၏ ဝက်မွေးမြူရေးခြံများတွင် အသားတိုးဝက်များ မွေးမြူထားရှိမှုနှင့် ကာကွယ်ဆေး ထိုးနှံနေမှုများကို ကြည့်ရှုအားပေးကာ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် အေလာတိဏ္ဏာဘုရား ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ဆရာတော်အား ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပျံ့ချီ အ- ထ- က(စက်စိုက်မွေးကျောင်း) မှ ကျောင်းသားများ အိပ်ဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြား၍ စာောင်နှင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ ဆိုလာမီးအိမ်များနှင့် မီးလုံးများပေးအပ်ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

(ခ) သင်တန်းစရိတ်၊ ဘတ်ဂျက်လည်း ရှိသင့်ပြီး အစိုးရတွင်သာလျှင် မဟုတ်၊ ပုဂ္ဂလိကသင်တန်းကျောင်းများကလည်း သင်တန်းပေး ဆောင်ရွက်ကူညီသင့်ပါသည်။ ပုဂ္ဂလိက သင်တန်းကျောင်းများမှာ အစိုးရကဲ့သို့ ဘတ်ဂျက်မရှိသဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးထောက်ပံ့ပေးနိုင်သော အဖွဲ့အစည်းများ (International Donor Organizations)၊ ဖွံ့ဖြိုးမှု အကူအညီပေးသော အဖွဲ့အစည်းများ (Development Partners) မှ ရန်ပုံငွေများရရှိစေရန် ဆောင်ရွက်သင့်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး၊ အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများကဲ့သို့သော ဘာသာရပ်များဆိုလျှင် အဝေးမှ/အွန်လိုင်းသင်ကြားပေးခြင်း စနစ်ပြုလုပ်ပေးနိုင်ပြီး လက်တွေ့စိုက်ပျိုး၊ မွေးမြူနေသော အမျိုးသား၊ အမျိုးသမီးများကို ခေတ်မီကွန်ပျူတာ၊ သတင်းအချက်အလက်နည်းပညာများလည်း သင်ကြားပေးနိုင်ပါသည်။

(ဃ) နိုင်ငံတကာတွင် စိုက်ပျိုး၊ မွေးမြူရေး၊ ဆည်မြောင်း၊ စက်မှုလယ်ယာ စသည်ဖြင့် တောင်သူများအတွက် သင်တန်းပေးနေသည်မှာ တစ်နေရာတည်း၊ သင်တန်းကျောင်း(အုပ်စု) တစ်ခုတည်းက ဖြစ်နေသည်ကို သတိထားမိပါသည်။ သင်တန်းဌာနကို ညွှန်ကြားရေးမှူးချုပ်အဆင့်က စီမံကွပ်ကဲပြီး နေရာ၊ အဆောက်အအုံ၊ ခတ်ခွဲခန်း၊ စိုက်ကွင်း၊ လယ်ယာသုံးကိရိယာများ အချိန်ပြည့် အသုံးချနိုင်အောင် ဆောင်ရွက်ပါသည်။

(င) စာရေးသူတို့နိုင်ငံတွင်တော့ ဌာနပေါင်းစုံအကွဲကွဲအပြားပြားရှိနေပြီး ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယ စသည့်နိုင်ငံများက ထောက်ပံ့ (Grant Aids, Projects) ပေးသည့် ဌာနအသီးသီးရှိ သင်တန်းကျောင်းများတွင် သင်တန်း၊ လက်တွေ့လုပ်ငန်းများက ဥပမာ – တစ်လမှ တစ်ကြိမ်လောက်ပဲရှိပါသည်။ ကျန်အချိန်၊ ရက်များက သင်တန်းကျောင်း၊ အဆောင်၊ လူ့စွမ်းအားအရင်းအမြစ်များ အားလပ်နေကာ အချိန်မှအစ ဆုံးရှုံးနေသည်ဟု ထင်မြင်ယူဆမိပါသည်။

နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်းကိုသာ အသုံးမပြုဘဲ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများ/အဖွဲ့အစည်းများ၏ ငွေအား၊ လူအား၊ သူတို့၏ နိုင်ငံတကာ အတွေ့အကြုံ များစွာ၊ စီမံခန့်ခွဲနိုင်မှုများစွာ အသုံးပြုလျှင်ကော ပိုမိုထိရောက်မှု ရှိနိုင်မလားဟု အတွေးဝင်မိပါသည်။ သင်တန်းလေးတစ်ခုပေးရန်အတွက် ဗဟိုချုပ်ကိုင်မှုများပါကလည်း အကျိုးမရှိနိုင်ပါ။ သင်တန်း တာဝန်ခံလောက်က သင်တန်းဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော အခွင့်အလမ်းတော့ ရှိရပါမည်။

စာရေးသူအတွေးစ တစ်ခုပါ။ ။

**ဇယား – ၃ တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ကွာခြားမှု**

| အင်္ဂါရပ်များ Features | အသက်မွေးသင်တန်း (TAFE – Vocational/TVET) | တက္ကသိုလ် University |
|---|---|---|
| ရည်ရွယ်ချက် Purpose | လက်တွေ့ဦးစားပေး၊ အလုပ်ကို ဦးစားပေးသင်တန်း Practical, Job-focused skills training | သီအိုရီ/သဘောတရား၊ သုတေသနအခြေခံပညာရေး Theoritical, Research-based academic education |
| ဘာသာရပ်အဆင့် Course Levels | လက်မှတ်ရ၊ ဒီပလိုမာ၊ အဆင့်မြင့် ဒီပလိုမာ Certificates I–IV, Diplomas, Advanced Diplomas | ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူ Bachelor's, Honours, Masters, PhD |
| ဝင်ခွင့်လိုအပ်ချက် Entry Requirements | ပြောင်းလွယ်၊ ပြင်လွယ် – အထက်တန်းနောက်ပိုင်း Open access; flexible (Year 10, 12, mature-age entry) | အဆင့်မြင့်ပညာဝင်ခွင့်အမှတ်၊ ATAR (tertiary entrance score), prior qualifications |
| ပြီးစီးရန်ကြာမြင့်ချိန် Course Duration | တိုတောင်း၊ ၆–လ မှ ၂–နှစ် Shorter: 6 months to 2 years | ကြာရှည်၊ ၃–၆ နှစ် Longer: 3–6+ years |
| သင်ကြားပုံစနစ် Learning Style | လက်တွေ့သင်ပေး Hands-on, industry training, apprenticeships | ပို့ချချက်၊ သုတေသန၊ အလုပ်တာဝန်များ Lectures, research, academic assignments |
| ကုန်ကျစရိတ် Cost | နည်းပါး၊ အစိုးရမှပံ့ပိုးပေး Lower; government subsidized for many students | ကုန်ကျစရိတ်များ၊ နိုင်ငံတကာကျောင်းသားပိုမိုကုန်ကျနိုင် Higher; HECS-HELP or full-fee for international students |
| အကျိုးရလဒ် Outcomes | ချက်ချင်းအလုပ်ရ Immediate employment, apprenticeships, trade licenses | ပညာရှင်အဆင့် အလုပ်လုပ်နိုင် Professional/managerial roles, research careers |

**ဇယား – ၄ နယူးဆောက်ဝေးပြည်နယ်၊ အသက်မွေးဝမ်းကျောင်းသင်တန်းနမူနာများ**

| သင်တန်းအမည် Course Name | အဆင့် Level | နေရာ/နယ်မြေ Campus | ကြာမြင့်မှု Duration |
|---|---|---|---|
| စိုက်ပျိုးမွေးမြူရေး လက်မှတ်–၂ Certificate II in Agriculture | အခြေခံ Entry Level | ရစ်မွန်၊ တမ်ဝတ် Richmond, Tamworth | ၆–လ ပတ်ဝန်းကျင် ~6 months |
| စိုက်ပျိုးမွေးမြူရေး လက်မှတ်–၂ Certificate II in Agriculture | အလယ်အလတ် Intermediate | ဝက်ဂါဝက်ဂါ၊ တမ်ဝတ် Wagga Wagga, Tamworth | ၁၂–လ (အချိန်ပြည့်) 12 months (FT) |
| မွေးမြူရေး လက်မှတ်–၃ Certificate III in Animal Studies | အခြေခံမှ တိကုဘက် Entry to Vet Path | ရစ်မွန်၊ ရာလာ Richmond, Yallah | ၁၂–လ 12 months |
| ကူးသန်းရောင်းဝယ်ရေး လက်မှတ်–၄ Certificate IV in Agribusiness | ကြီးကြပ်မှုအဆင့် Supervisory level | အွန်လိုင်း၊ ၂–ခုပေါင်း Online/Blended | ၁၂–၁၈ လ 12–18 months |
| စိုက်ပျိုးမွေးမြူရေးဒီပလိုမာ Diploma of Agriculture | အဆင့်မြင့်သင်တန်း Advanced training | တမ်ဝတ်၊ ဝက်ဂါ Tamworth, Wagga | ၁–၂ နှစ် 1–2 years |
| ဇီဝစနစ်ထိန်းသိမ်းမှုနှင့် စီမံခန့်ခွဲမှု Diploma of Conservation & Ecosystem Management | သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှု Natural resource management | ရစ်မွန်၊ တမ်ဝတ် Tamworth, Richmond | ၁၈–လခန့် ~18 months |
| ဥယျာဉ်ခြံသီးနှံ လက်မှတ်–၃ Certificate III in Horticulture | အပင်များနှင့် မြက်ခင်း Plants & turf | ရစ်မွန်၊ ရာလာ Richmond, Yallah | ၁၂–လ 12 months |
| သိုးမွေးအဆင့်ခွဲမှု လက်မှတ်–၄ Certificate IV in Wool Classing | သိုးနှင့်သိုးမွေး လုပ်ငန်း Sheep/wool industry | ဝက်ဂါဝက်ဂါ Wagga Wagga | ၁၂–လ 12 months |

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# မန္တလေးမြို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၇**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇာမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင် စေတီတော်တို့တွင် ဘက်စုံပြန်လည်ပြုပြင်မွမ်းမံနေမှုအခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုအခြေအနေများ၊ နန်းဦးမြို့သစ်ရှိ ရွှေမုဋ္ဌောစေတီ၏ ထီးတော်အား ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် မြေသို့ပင့်ဆောင်နေမှုနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ ရွှေစေတီကျောင်းတိုက်နှင့် ကိုးတောင်ပြည့်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ မဟာစည်းခုံကြီးစေတီတော်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနာ့ဗိမာန်အား ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ရွှေမုဋ္ဌောစေတီထီးတော်မြေသို့ ပင့်ဆောင်မှုနှင့် ဆွမ်းဦးပုညရှင်စေတီသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ချင်းစုသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ကျောင်းဆောင်အဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများ၊ ပိုးတန်းရပ်ကွက်နှင့် မင်းလမ်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော လူနေအဆောက်အအုံ အပြိုအပျက်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေဝန်းအရှေ့ရပ်ကွက်ရှိ ရတနာပုံသာဆုတောင်းရ(ဦးပေစိ)ဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်နှင့် အမရဋ္ဌာနီအနောက်ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု ကြည့်ရှုစစ်ဆေးစဉ်။

# မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ၌ ငလျင်ဘေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်



**အထက်မင်းလှ ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ ငလျင်ဘေးသဏ္ဍာန်တူသရုပ်ပြလေ့ကျင့် အသိပညာပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စန်းစန်းမိုးက အမှာစကားပြောကြားသည်။

ထို့နောက် ငလျင်ဘေးဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်ခြင်းကို ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရေးအတွက် လူနာများအား ဆေးကုသပေးမှုနှင့် ဆေးရုံသို့ ကူညီပို့ဆောင်ပေးခြင်း၊ အဆောက်အအုံအတွင်းရှိ လူနာများအား ရှာဖွေကယ်ထုတ်ပေးခြင်းနှင့် ကုသဆောင်ရွက်ပေးခြင်းတို့ကို လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦး တွေ့ရှိ

(၇-၇-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၉-၆-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၆-၇-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈၃၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၆)ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်) ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ

ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"သစ္စာရှိလက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ ဝရမ်းပြေးနိုင်ငံမဲ့ NUG၊ CRPH နဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဒလန်၊ သတင်းပေး၊ သူလျှိုစတဲ့ စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကို သတ်ဖြတ်နေတဲ့ NUG လက်အောက်ခံအကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် ဇူလိုင် ၇** – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့တွင် ငွေကျပ် ၈၇၅ ဒသမ ၅ သိန်းတန်ဖိုး၊ တောင်ကြီးမြို့တွင် ငွေကျပ် ၆၁၂ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၇**

မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့တွင် ငွေကျပ် ၈၇၅ ဒသမ ၅ သိန်းတန်ဖိုး၊ တောင်ကြီးမြို့တွင် ငွေကျပ် ၆၁၂ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဇူလိုင် ၅ ရက် ညနေ ၅ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မင်္ဂလာတောင်ညွန့်မြို့နယ် စံပြရပ်ကွက် ဂျိုးဖြူလမ်းပေါ်တွင် ကျော်သက် အားရှာဖွေရာ စိတ်ပြောင်းဆေးဝါးများရောစပ်ထားသော Happy Water ၀ ဒသမ ၄၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၅၇ ဒသမ ၅ သိန်း)နှင့် ကက်တမင်း ၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၀၀) တို့ကို ဖမ်းဆီးရမိသည်။




ကွင်းဆက်ဖော်ထုတ်ချက်အရ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပင်းယ(၁၃)လမ်းနေ ရန်နိုင်အောင်၏နေအိမ်ကို ဆက်လက်သွားရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများရောစပ်ထားသော Happy Water ၀ ဒသမ ၅၉ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၀၆ ဒသမ ၅ သိန်း)၊ ကက်တမင်း ၀ ဒသမ ၀၁၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၇ ဒသမ ၅ သိန်း)နှင့် အက်တက်စီဆေးပြား ၁၀ ပြား (တစ်ပြားလျှင် ၄၀၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄ သိန်း) တို့ကို ထပ်မံဖမ်းဆီးရမိသဖြင့် ကျော်သက်(၃၄)နှစ်နှင့် ရန်နိုင်အောင်(၃၄)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ခြသေ့်လမ်းရှိ ဒေါ်နဇ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါးများရောစပ်ထားသော Happy Water ၀ ဒသမ ၄၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၁၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၉၅ သိန်း)နှင့် ကက်တမင်း ၁ ဒသမ ၁၇ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၁၇ သိန်း) တို့ကို ဖမ်းဆီးရမိသဖြင့် ဒေါ်နဇ(၇၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသူတစ်ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၇**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်မြဝတီမြို့-မဲ့ထော်သလေး(KK Park) နယ်မြေတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့သည့် တရုတ်နိုင်ငံသူတစ်ဦးအား ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရုတ်နိုင်ငံသူအား သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၉၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၂ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အကြမ်းဖက်သမားများက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်နှင့် ယုဇနရပ်ကွက်အတွင်းရှိ နေအိမ်များအား အသံမိုင်းများဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇူလိုင် ၇**

အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် NUG နှင့် CRPH ၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်ခြင်း၊ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။



မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ ဦးတူးဂျာ၏ နေအိမ်အား အသံမိုင်းဖြင့်ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်ပြတင်းတံခါးများ ထိခိုက်ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဒေါ်ဒွဲဘူ၏နေအိမ်အား လည်းကောင်း၊ ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ယုဇနရပ်ကွက်အတွင်းရှိ ဦးတူးဂျာ၏ နေအိမ်အား လည်းကောင်း အကြမ်းဖက်သမားများက အသံမိုင်းများဖြင့် လာရောက်ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်များရှိ ပြတင်းတံခါးမှန်များ အနည်းငယ်ပျက်စီးခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။



မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ဒေါ်ဒွဲဘူ၏ နေအိမ်အား အသံမိုင်းဖြင့် ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်ပြတင်းတံခါးမှန်များပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အထက်ပါ ဖြစ်စဉ်တွင် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့သည့် အကြမ်းဖက်သမားများနှင့် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❊ *ကျော့ဖုံးမှ*

အမှတ်အများဆုံးနှစ်သင်း၊ ကျန်ဇုန်နှစ်ခုတွင် အမှတ်အများဆုံးထိပ်ဆုံး တစ်သင်းစီ Grand Final ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဇုန်အလိုက်ပွဲစဉ်များအပြီးတွင် ရန်ကုန်ဇုန်၌ ရှိုင်ရယ်ရန်ကုန်အသင်း က အဆင့် ၁၊ Mar Rein အသင်းက အဆင့် ၂၊ တောင်ကြီးဇုန်တွင် ရှမ်းတောင်အသင်းက အဆင့် ၁၊ မန္တလေးဇုန်တွင် STNM အသင်းက အဆင့် ၁ ရရှိကာ တက်ရောက်လာခြင်းဖြစ်သည်။

နံနက်ပိုင်းကကျင်းပသည့် ဆီမီးဖိုင်နယ် ပထမပွဲတွင် ရှိုင်ရယ်ရန်ကုန်အသင်းက STNM အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရှိုင်ရယ်ရန်ကုန်အသင်းသည် ၂၁ မိနစ်တွင် လင်းမောင်မောင်သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ညနေပိုင်းကျင်းပသည့် ဆီမီးဖိုင်နယ် ဒုတိယပွဲတွင် ရှမ်းတောင်အသင်းက Mar Rein အသင်းကို သုံးဂိုးပြတ်အနိုင်ရရှိသည်။ ရှမ်းတောင်အသင်းအတွက် အနိုင်ဂိုးများကို ၂၈ မိနစ်တွင် စွမ်းရည်ထက်၊ ၃၇ မိနစ်တွင် အောင်ကောင်းမြတ်၊ ၅၂ မိနစ်တွင် ထက်နေခြည်ခန့်တို့က သွင်းယူသည်။

ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီတွင် တတိယလုပွဲအဖြစ် Mar Rein အသင်းနှင့် STNM အသင်း၊ ညနေ ၃ နာရီတွင် ဗိုလ်လုပွဲအဖြစ် ရှိုင်ရယ်ရန်ကုန်အသင်းနှင့် ရှမ်းတောင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-MFF**

❒ *ကျော့ဖုံးမှ*

ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးပမ်းလာသော မက္ကဆီကိုအသင်းသည် ပွဲကစားချိန် ၂၇ မိနစ်တွင် ချေပဂိုးရရှိခဲ့ပြီး အသင်းအဓိက တိုက်စစ်ကစားသမား ဂျီမီနက်ဇ်က သွင်းယူပေးခဲ့သည်။ မက္ကဆီကိုအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲကစားချိန် ၇၇ မိနစ်တွင် အယ်ဗာရက်ဇ်က သွင်းယူပေးခဲ့သည်။ ဝက်စ်ဟမ်းအသင်း ခံစစ်ကစားသမား အယ်ဗာရက်ဇ်သည် မက္ကဆီကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပြီး အသင်းအတွက် အရေးပါသည့် အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ **အောင်ဇော်**

# ဂါဇာအပစ်အခတ်ရပ်စဲရေးအတွက် ဟားမားစ်နှင့် ဆွေးနွေးမှုများလုပ်ဆောင်ရန် အစ္စရေးကိုယ်စားလှယ်အဖွဲ့ ကာတာနိုင်ငံသို့ ထွက်ခွာ

**ကာတာ ဇူလိုင် ၇**

အစ္စရေးကိုယ်စားလှယ်အဖွဲ့သည် ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးအတွက် အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်နှင့် တစ်ဆင့်ခံဆွေးနွေးမှုများ လုပ်ဆောင်ရန် ကာတာနိုင်ငံသို့ ထွက်ခွာသွားကြောင်း အစ္စရေးနိုင်ငံရှိ မီဒီယာများက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက အဆိုပြုထားသည့် ဟားမတ်စ်နှင့် အစ္စရေးတို့အကြား ရက် ၆၀ ကြာ အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်ပြီး ဟားမားစ်က တောင်းဆိုချက်များ ပြုလုပ်ခဲ့သည်။

တောင်းဆိုချက်များတွင် ဂါဇာကမ်းမြောင်ဒေသ အကူအညီဖြန့်ဖြူးမှုများတွင် ကုလသမဂ္ဂနှင့် လခြမ်းနီအဖွဲ့များက ပြန်လည်ဦးဆောင်ရန်နှင့် ဇန်နဝါရီလတွင်ရရှိခဲ့သည့် ယာယီအပစ်အခတ်ရပ်စဲရေး အခြေအနေအတိုင်း အစ္စရေးတပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာရန် စသည့်အချက်များပါဝင်သည်။ အစ္စရေးက အဆိုပါတောင်းဆိုချက်များကို လက်ခံရန် ငြင်းဆန်ခဲ့သည်။



နှစ်ဖက်အဖွဲ့များကြား သဘောထားကွဲလွဲနေသော်လည်း အစ္စရေးက ဓားစာခံများလွှတ်မြောက်ရန် ဆက်လက်ဆွေးနွေးသွားမည်ဟု ပြောကြားခဲ့သည်။

အသေးစိတ်နှင့် ပတ်သက်ပြီး အငြင်းပွားမှု အများအပြားရှိနေသည့်အတွက် သဘောတူညီချက်တစ်ရပ်ရရှိရန် အချိန်ကြာမြင့်ဦးမည်ဖြစ်ကြောင်း အစ္စရေးအစိုးရ သတင်းရင်းမြစ်များကို ကိုးကား၍ အစ္စရေးမီဒီယာ ဟာရက်ဇ်က ဇူလိုင် ၆ ရက်က ဖော်ပြခဲ့သည်။

ထိုသို့ဖြစ်စဉ်များ ဖြစ်ပွားနေချိန်တွင် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးက တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ခဲ့သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း လူ ၈၀ သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၆ ရက်တွင် ပြောကြားခဲ့သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ၌ စတင်ခဲ့သည့် ပဋိပက္ခကြောင့် သေဆုံးသူ အရေအတွက် ၅၇၄၁၈ ဦးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# လာအိုနိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှု သိသိသာသာကျဆင်း

**ဗီယင်ကျန်း ဇူလိုင် ၇**

လာအိုနိုင်ငံ၌ ယခုနှစ် ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၂၆၁၄ ဦး ရှိပြီး ယမန်နှစ် အလားတူကာလက သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၁၉၂ ဦးနှင့် နှိုင်းယှဉ်ပါက သိသိသာသာ ကျဆင်းလာသည်။



ထို့အပြင် ယခုနှစ် ပထမနှစ်ဝက်အတွင်း လာအိုနိုင်ငံ၌ သွေးလွန်တုပ်ကွေးနှင့် ဆက်နွှယ်သော သေဆုံးမှုမရှိသေးကြောင်း၊ ယမန်နှစ် အလားတူကာလတွင် သွေးလွန်တုပ်ကွေးကြောင့် သုံးဦး သေဆုံးမှုရှိခဲ့ကြောင်း သိရသည်။

လာအို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နှင့် ပညာရေးစင်တာ၏ ထုတ်ပြန်ချက်အရ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အများဆုံးမှာ နိုင်ငံ၏ မြို့တော် ဗီယင်ကျန်းမှဖြစ်ပြီး ၁၄၉၅ ဦး ရှိကြောင်း၊ ယင်းနောက် အူဒွမ်ဆိုင်းပြည်နယ်တွင် ၃၃၈ ဦးနှင့် လွမ်နမ်ထားပြည်နယ်တွင် ၂၃၆ ဦးဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# တက္ကဆက်ရေကြီးမှု သေဆုံးသူ ၈၀ ကျော်ရှိလာ

**ဝါရှင်တန် ဇူလိုင် ၇**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်၌ ဖြစ်ပွားသော ရေကြီးရေလျှံမှုတွင် သေဆုံးသူ ၈၀ ကျော်ရှိလာကြောင်း၊ အာဏာပိုင်များက ပျောက်ဆုံးနေသူများအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၄ ရက် အစောပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဂွါဒါလူမီမြစ်တစ်လျှောက် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့သည်။ တက္ကဆက်ပြည်နယ် ကားရ်ဒေသတာဝန်ရှိသူများက ကလေးငယ် ၂၈ ဦးအပါအဝင် လူပေါင်း ၆၈ ဦးထက်မနည်း သေဆုံးကြောင်းနှင့် ၁၁ ဦးပျောက်ဆုံးလျက်ရှိပြီး အများစုမှာ ကလေးငယ်များဖြစ်ကြောင်း ပြောသည်။

အခြားသော ဒေသများတွင်လည်း သေဆုံးမှုတိုးလာကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူအများစုမှာ ဘေးလွတ်ရာသို့ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# နိုင်ဂျီးရီးယားနိုင်ငံ၌ ထရပ်ကားနှင့် ဘတ်စ်ကား တိုက်မိသဖြင့် ၂၁ ဦးထက်မနည်း သေဆုံး

**အဘူဂျာ ဇူလိုင် ၇**

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း ကန်နိုပြည်နယ်၌ ဇူလိုင် ၆ ရက်က ထရပ်ကားတစ်စီးနှင့် ဘတ်စ်ကား တစ်စီး ခေါင်းချင်းဆိုင်တိုက်မိသဖြင့် ၂၁ ဦးထက်မနည်း သေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း သိရသည်။

ခါဆူဝါဒိုဂို ဒေသအတွင်း ဇာရီယာ-ကန်နို အဝေးပြေးလမ်းမ တစ်လျှောက်တွင် ဘတ်စ်ကား မောင်းသူ၏ လမ်းစည်းကမ်း ချိုးဖောက်ခြင်းကြောင့် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ ယာဉ်မတော်တဆမှုကြောင့် ယာဉ်နှစ်စီးလုံး မီးလောင်သွားခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများအား အစိုးရဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ပြည်နယ်လမ်းဘေးကင်းရေးအဖွဲ့မှ တာဝန်ရှိသူ မိုဟာမက်ဘတ်ရှာက ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ ဝန်ပိုတင်ဆောင်ခြင်းနှင့် ယာဉ်မဆင်မခြင် မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



နိုင်ဂျီးရီးယားနိုင်ငံ၌ ယာဉ်မတော်တဆမှုဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာနေရာကို တွေ့ရစဉ်။

# ဆွစ်ဇာလန်နိုင်ငံက အီရန်နိုင်ငံတွင် သံရုံးပြန်လည်ဖွင့်လှစ်

**ဂျီနီဗာ ဇူလိုင် ၇**

ဆွစ်ဇာလန်နိုင်ငံက အီရန်နိုင်ငံအတွင်း မငြိမ်သက်မှုများကြောင့် ဇွန် ၂၀ ရက်မှစ၍ ယာယီပိတ်ထားခဲ့သော တီဟီရန်မြို့ရှိ ၎င်း၏ သံရုံးကို ဇူလိုင် ၆ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

## ပြန်လည်ရောက်ရှိ

ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး နာဒင်း အိုလီဗီယာရီ လိုဇာနိုနှင့် အဖွဲ့သည် ဇူလိုင် ၅ ရက်က တီဟီရန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း ဆွစ်ဇာလန်နိုင်ငံ ဖက်ဒရယ်နိုင်ငံခြားရေးရာဌာနက ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

အဆိုပါဌာန၏အဆိုအရ ဘက်ပေါင်းစုံ အကဲဖြတ်မှုအပြီးတွင် သံရုံးလုပ်ငန်းများ ပြန်လည်စတင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## ပြန်လည်စတင်

လက်ရှိအခြေအနေများအရ သံရုံးလုပ်ငန်းများကို တဖြည်းဖြည်းချင်း ပြန်လည်စတင်နိုင်ပြီဖြစ်ကြောင်း အဆိုပါဌာနက မှတ်ချက်ပြုခဲ့သည်။ သို့သော် ဗီဇာထုတ်ပေးခြင်းအပါအဝင် အခြားကောင်စစ်ဝန်ရုံးလုပ်ငန်းများကိုမူ လတ်တလောတွင် ဆိုင်းငံ့ထားဆဲဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံသည် ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှုများကို အနီးကပ်စောင့်ကြည့်နေဆဲဖြစ်ပြီး ၎င်း၏ နိုင်ငံတကာမိတ်ဖက်များနှင့် ပုံမှန်ဆက်သွယ်မှုများ ပြုလုပ်နေကြောင်း ဖက်ဒရယ်နိုင်ငံခြားရေးရာဌာနက ထပ်လောင်းပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ မီးလောင်မှုဖြစ်ပွား ကလေးနှစ်ဦးအပါအဝင် ရှစ်ဦးသေဆုံး

**ဟန်နွိုင်း ဇူလိုင် ၇**

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း ဟိုချီမင်းမြို့ လူနေအိမ်ရာတစ်ခု၌ ဇူလိုင် ၆ ရက် ညနေခင်းပိုင်းက မီးလောင်မှု ဖြစ်ပွားခဲ့သောကြောင့် အရွယ်ရောက်သူ ခြောက်ဦးနှင့် ကလေးနှစ်ဦး သေဆုံးကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

ဖူသိုဟွာရပ်ကွက်ရှိ တိုက်ခန်းတစ်ခန်း၏ မြေညီထပ်၌ ဒေသစံတော်ချိန် ည ၁၀ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

## အမြောက်အမြားပျက်စီး

မီးလောင်မှုကြောင့် မော်တော်ဆိုင်ကယ်၊ စက်ဘီးနှင့် ကားများ အပါအဝင် ယာဉ်အမြောက်အမြား ပျက်စီးသွားခဲ့ရကြောင်း သိရသည်။

## ဒဏ်ရာရရှိ

ဗီယက်နမ်အမျိုးသားစာရင်းအင်းရုံး၏ ထုတ်ပြန်ချက်အရ ယခုနှစ် ပထမနှစ်ဝက်အတွင်း ဗီယက်နမ်နိုင်ငံတစ်ဝန်း မီးလောင်မှုနှင့် ပေါက်ကွဲမှုစုစုပေါင်း ၁၇၂၃ ခုဖြစ်ပွားရာ လူ ၄၈ ဦးသေဆုံးပြီး ၇၅ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# မြစ်သားမြို့နယ်၌ ဝါသီးနှံများ စတင်ထွက်ပေါ်လျက်ရှိ




မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဈေးကွက်ဝယ်လိုအားရှိသော ဝါသီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ ခရိုင်အတွင်း ဝါသီးနှံ စိုက်ပျိုးမှုအနေဖြင့် ၅၇၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ရာ မြစ်သားမြို့နယ်တွင် ၄၁၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဇွန်လတတိယပတ်မှစတင်၍ ဝါသီးနှံများ စတင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ဝါသီးနှံများကို မတ်လတွင် စတင်စိုက်ပျိုး၍ ဇွန်လတွင် စတင်ခူးဆွတ် ရိတ်သိမ်းရကြောင်း၊ ငွေချည်-၆နှင့် ရွှေတောင်-၈ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးထုပ် ၂-၃ ထုပ်ခန့် ကုန်ကျကြောင်း၊ ပေါင်ကြောင်းပေး အစေ့ချစနစ်ဖြင့် အတန်းလိုက် စိုက်ပျိုးကြပြီး မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ တစ်ကေလျှင် ပိဿာချိန် ၄၀၀-၅၀၀ ခန့် ထွက်ရှိပြီး ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ပွဲရုံများမှတစ်ဆင့် ဝါစက်ရုံများ၊ ချည်မျှင်ရက်ကန်းစက်ရုံများနှင့် မန္တလေးစက်မှုဇုန်-၁ သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ဝါသီးနှံဈေးနှုန်းများ ပိုမိုကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း ဝါသီးနှံစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

# ကျောက်ဆည်ခရိုင်၌ နေကြာသီးနှံများ စတင်ရိတ်သိမ်းလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နေကြာသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ ခရိုင်အတွင်း နေကြာသီးနှံစိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၆၅၇ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၇၀၃ ဧက၊ မြစ်သားမြို့နယ်တွင် ၄၁၈ ဧက၊ စုစုပေါင်း ၂၇၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



နေကြာသီးနှံကို မတ်လနှင့် ဧပြီလများတွင် စိုက်ပျိုးကြပြီး ဇူလိုင်လတွင် ထွက်ပေါ်ကြောင်း၊ နေကြာသီးနှံကို သီးထပ်သီးညှပ် စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး အထွက်နှုန်းကောင်းမွန်သော ရေဆင်းစပ်မျိုးနှင့် ဆင်းရွှေကြာ-၂ နှင့် ဆင်းရွှေကြာ-၃ မျိုးများကို အဓိကထား စိုက်ပျိုးကြကြောင်း၊ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးစေ့ ၄-၅ ပြည်ခန့် ကုန်ကျစိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခုအချိန်တွင် နေကြာသီးနှံများ စတင်ရိတ်သိမ်း ထွက်ပေါ်လျက်ရှိရာ တစ်ကေ အထွက်နှုန်းအနေဖြင့် ၁၈-၂၀ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးနှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နေကြာသီးနှံစိုက်ပျိုးခြင်းသည် ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် အထောက်အကူပြုနိုင်သည့်အပြင် အကျိုးအမြတ်များလည်း ရရှိကြောင်း နေကြာစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

# အထက်မင်းလှမြို့နယ်၌ ဖူးစားပြောင်း စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဖူးစားပြောင်းကို ၃၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို ဧပြီလတွင် စတင်စိုက်ပျိုးပြီး နှစ်လကျော်အကြာတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် နိုင်ငံခြားမျိုးပြောင်းစီး(အဖြူ) မျိုးများကို စိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးထုပ် ရှစ်ထုပ်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ပြောင်းဖူးရေ ၉၀၀၀ ကျော်ခန့်ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ သီးနှံအထွက်နှုန်းများ ကွဲပြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တောင်သူများမှ တင်ပို့ရောင်းချလျက်ရှိရာ ပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း ပြောင်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မကွေး)

# ငွေသီးစိုက်ပျိုးခြင်းဖြင့် တောင်သူများ အပိုဝင်ငွေရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ တစ်နှစ်ပတ်လုံးထွက်ရှိပြီး နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သော ငွေသီးကို လယ်ယာဥယျာဉ်ခြံမြေများတွင် မိသားစုအပိုဝင်ငွေရရှိရန်အတွက် စိုက်ပျိုးကြကြောင်း သိရသည်။

ငွေသီးကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဈေးကွက်ဝယ်လိုအားကောင်းကြောင်း၊ ငွေသီးကို အစိုဓာတ်ကောင်းမွန်သော မိုးဦးကျကာလများတွင် စိုက်ပျိုးပြီး တစ်နှစ်ခန့်အကြာတွင် အသီးများခူးဆွတ်ရကြောင်း၊ တစ်နှစ်ပတ်လုံးသီးသော ထွက်တိုးငွေပင်(ပျိုးပင်)မျိုးများကို ဝယ်ယူစိုက်ပျိုးကြပြီး တစ်ကေလျှင် အပင်ရေ ၅၀-၆၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ရှစ်သိန်းကျော်ခန့် ကုန်ကျကြောင်း၊ တစ်ကေလျှင် တစ်နှစ်အတွက် ငွေသီးပျမ်းမျှအလုံးရေ စုစုပေါင်း ၄၀၀၀၀-၅၀၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများနှင့် အချဉ်ပေါင်းရောင်းချသူများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြကြောင်း၊ အောင်မြင်ဖြစ်ထွန်းမှုနှင့် ရာသီချိန်အပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ငွေသီးသည် နှစ်ရှည်ပင်ဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံးဝင်ငွေရရှိပြီး အကျိုးအမြတ်များရရှိကာ မိသားစုအပိုဝင်ငွေရရှိကြောင်း ငွေသီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

## ၇-၇-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၄၂၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၂၈၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၃၀၀၀ | - | ၁၇၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၆၉၃၇ | ၁၈၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၃၆၀၀၀ | ၂၂၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၄၀၀၀ |
| ၅ | ဘားအံ | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၆၈၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ |
| ၆ | မော်လမြိုင် | ၂၈၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၆၇၆၅ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၂၀၀၀ | ၇၁၇၅ | ၁၄၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၆၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၃၉၅ | ၁၅၀၀၀ | ၂၄၀၀ | ၁၀၀၀၀ | ၁၁၅၀၀ | | ၅၅၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၇၀၀၀ | ၄၁၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၄၀၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၃၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၈၅၀ | ၂၁၀၀၀ | ၆၈၀၀ | ၈၅၀၀ | ၁၇၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၄၂၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၂၉၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၅၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၂၇၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၆၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၂၂၀၀ | ၉၆၀၀ | ၇၂၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၃၁၀၀၀ | ၃၂၀၀၀ | ၁၅၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၁၁၅ | ၁၂၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၅၀၀ | ၉၂၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၂၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၄၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၆၉၁၀ | ၁၁၅၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၈၂၅ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၇၀၀ | ၉၀၀၀ | ၃၉၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၈၂၅ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၇၀၀ | ၉၀၀၀ | ၃၈၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၉၆၀၀ | ၆၇၂၆ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၁၂၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၁၀၀၀ | ၆၄၀၀ | ၈၂၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၆၆၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၀၀၀ | ၁၅၆၀၀ |
| ၁၉ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၉၈၀၀ | ၆၇၂၆ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၄၀၀ | ၁၁၅၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၁၄၀၀ | ၆၄၀၀ | ၈၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၆၈၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၈၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၉၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၂၀၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ဆင်းရဲငြိမ်းမှုချမ်းသာရာ သစ္စာလေးဖြာမြတ်ဒေသနာ

ဒေါက်တာ မြတ်မိုး

မြတ်ဗုဒ္ဓ၏ အဆုံးအမများတည်ရာ ဤသာသနာ အဆုံးအမများနှင့်အညီ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ အကျင့်သိက္ခာသုံးဖြာတို့သည် ကျင့်ကြံအားထုတ်ရမည့် တရားများဖြစ်ကြောင်း ဂေါတမမြတ်စွာဘုရား၏ ဘုရားဖြစ်ပြီးချင်း ဦးဆုံးတရားဦးဖြစ်သည့် ဓမ္မစကြာတရားတော်ကြီးကို ဦးဦးဖျားဖျားနာကြားခွင့်ရခဲ့ကြသော ပဉ္စဝဂ္ဂီငါးဦးတို့သည် ဤတရားတော်ကို နာကြားပြီးစဉ်မှာပင် တစ်ဦးပြီးတစ်ဦး သောတာပန်ဖြစ်ပြီး ပေါ်ဘိကျ္ခုရဟန်းများ ဖြစ်သွားခဲ့ကြသည်။

ဝါဆိုလပြည့်ကျော် ငါးရက်မြောက် အနတ္တလက္ခဏာသုတ်ကို နာကြားပြီးအခါမှာတော့ ပဉ္စဝဂ္ဂီငါးပါးလုံး အနုသယကိလေသာအားလုံး ကင်းစင်သွားသည့် ရဟန္တာများ ဖြစ်သွားကြလေသည်။

**ရတနာသုံးပါး**
**စတင်ပွင့်ထွန်းထင်ရှားဖြစ်ခဲ့ရာ**

ဓမ္မစကြာဒေသနာတော်ကို နာကြားပူဇော်ရသည့် အကြောင်းအချက်မှာ ထူးမြတ်လှသည့် အကျိုးထူးများကို ရရှိစေလို၍ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့အထွတ်အမြတ်ထားရာ ဝါတွင်းသုံးလ အစပြုသည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ နေဝင်၊ လထွက်အခါသမယတွင် ဘုရားရှင်က ဤဓမ္မစကြာဒေသနာတော်ကို ဟောတော်မူခဲ့သည်။ အတိတ်ကာလ ဤနေ့ဤရက်တွင် တုသိတာနတ်ပြည်မှ စုတေခဲ့သည့် သိဒ္ဓတ္ထဘုရားလောင်းသည် ဤနေ့တွင်ပင် လူ့ပြည်၌ ပဋိသန္ဓေတည်ခဲ့သည်မှာ တိုက်ဆိုင်မှုတစ်ခုမဖြစ်နိုင်။ အို၊ နာ၊ သေ မမြဲသော နိမိတ်သဘောကိုမြင်ပြီး လောကကိုအကျိုးပြုရန် တောထွက်ခဲ့သည်ကလည်း ဤနေ့တွင်ပင်။ ထူးခြားလေးနက်မှုတို့ပြည့်နှက်နေရာ ဤသာသနာအစပျိုးရာ ဤနေ့ဤအခါသမယတွင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ စတင်ပွင့်ထွန်းထင်ရှားဖြစ်ခဲ့ပါပြီ။

ကာမရာဂါ ပဋိဃာ မာနာ ဘဝရာဂါ ဒိဋ္ဌာ ဝိစိကိစ္ဆာ အဝိဇ္ဇာဆိုသည့် ဆိုင်ရာ အာရုံနှင့်ကြုံမှ ပေါ်လာတတ်သည့် အနုသယကိလေသာဆိုးများကို မဂ်နှင့်ပယ်၊ ဖိုလ်နှင့်ငြိမ်းပြီး ဦးဆုံးသိ၊ ဦးဆုံးဟောသည့် မြတ်စွာဘုရားရှင်၏ ဦးဆုံးတရားတော်ကြီးမို့ နာယူလေ့လာမှတ်သားထိုက်ပါသည်။ ယခုလိုကာလမျိုးတွင် ဤတရားတော်ကို နာကြားမည်၊ သိအောင်လည်းကြိုးစားမည်၊ သိပြီးလည်း ကျင့်နိုင်ကြလျှင် မည်မျှကောင်းလိုက်မည်လဲ၊ မိမိတို့ရင်ထဲ၊ နှလုံးသားဝယ် ယခုဘဝ၊ နောင်ဘဝ သာသနာတည်၍ ငြိမ်းချမ်းသွားမှာ သေချာလှပါသည်။

**သစ္စာတရားအမှန်အဖြစ် သိခဲ့ခြင်း**

ဘုရားရှင် ဦးဆုံးဟောကြားရာ ဤဒေသနာတော်တွင် ဒုက္ခ၊ သမုဒယ၊ မဂ္ဂ၊ နိယောဓဟူသည့် အရိယာ သစ္စာလေးပါးသော တရားဖြင့် အို၊ နာ၊ သေ သံသရာဝဲဂယက်များ ထပ်မဖြစ်စေရန် လမ်းပြထားပြီး အို၊ နာ၊ သေဝဋ်ဒုက္ခများ ချုပ်ငြိမ်းစေမည့် နည်းလမ်းများကို ဘုရားရှင်က သူသိသလို အခြားသူများလည်းသိစေရန် ဖော်ထုတ်ထားပါသည်။ အမြဲမှန်ကန်နေသည့် တရားများဖြစ်၍ သစ္စာတရားဟုလည်း ဆိုထားခြင်းဖြစ်သည်။ ကျွန်တော်တို့အားလုံး မွေးသည်မှ သည် သေသည်အထိ ဒုက္ခချည်းသာဟု ဆိုလျှင် လွန်အံ့မထင်။ ဇာတိရလာသည်နှင့် အို၊ နာ၊ သေ ဘယ်လိုမှမလွတ်နိုင်၊ အဖန်တလဲလဲ ဘဝတွေပြန်ဖြစ်ရမည်သာ၊ ကောင်းကောင်း၊ ဆိုးဆိုး ဘယ်ဘဝရောက်ရောက် အိုရ၊ နာရ၊ သေကြရပြန် ဒုက္ခတွေချည်းသာ။

ထို့ကြောင့် ဘယ်ဘဝဖြစ်ဖြစ် ဒုက္ခဟု ဆိုရခြင်းဖြစ်သည်။

သို့သော် ကျွန်တော်တို့သည်ဘဝရာဂ၊ ဘဝတဏှာဖြင့် ကောင်းသောဘဝတွေရဖို့၊ ကောင်းတာတွေတောင့်တခဲ့ကြ၍ ဘဝတွေပြန်ဖြစ်နေရခြင်းကိုမူ သိရန်လိုနေပါသည်။ ပဋိသန္ဓေနေပြီး မွေးခဲ့ကြ၍သာ အို၊ နာ၊ သေဘေးဘဝတွေ မလွဲဧကန် ပြန်ဖြစ်ကြရသည် မဟုတ်ပါလား။ မိမိတို့သည် ယခင်ဘဝက ကုသိုလ်တွေလုပ်ခဲ့၍ ယခုလို လူ့ဘဝခဏတာ ရနေတာကိုပင် ဟုတ်လှပြီထင်နေခြင်းဖြစ်သည်။ အကုသိုလ်လုပ်ခဲ့ကြ၍ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်ဘုံ ကျသွားရသူက ပိုများလှသည်။ အမိဝမ်းတွင်းမှာကတည်းက ဆင်းဆင်းရဲရဲ နေခဲ့ရသည့်ဒုက္ခ၊ မွေးလာတော့လည်း မသက်သာ၊ မသိကြ၍သာ။ ဘဝတစ်လျှောက်လုံး ဆင်းရဲတစ်လှည့်၊ ချမ်းသာတစ်ခါ ဖြစ်ပြီးပျက်၊ ပျက်ပြီးဖြစ်၊ တက်လိုက်၊ ကျလိုက်ဖြစ်၍လည်း ဒုက္ခဟု ခေါ်ခြင်းဖြစ်သည်။ ဤသည်ပင် မပြောင်းလဲသော အမှန်တရားဖြစ်၍ သစ္စာတစ်ပါးဖြစ်သည့် ဤဒုက္ခသစ္စာကို ကျေးဇူးရှင် မြတ်စွာဘုရားကိုယ်တိုင် ကျင့်ပြီးမှသိခဲ့ခြင်းဖြစ်၍ လောကသားအားလုံးသိအောင်လည်း ဟောခဲ့ခြင်းမှာ ကျေးဇူးအလွန်ကြီးမားလှပါသည်။

**ပယ်ရမည် ဆိုက်ရမည့်တရား**
**အမှန်သဘော**

ထို့နောက် သိရမည်ဆိုသည့် ဒုက္ခအမှန်သည် ဘာကြောင့်များဖြစ်ရပါသလဲ။ ဓမ္မစကြာတရားတွင် ဒုက္ခ၏ အကြောင်းတရားကို ဘုရားရှင်ကဆက်၍ ဟောကြားထားသည်မှာ ဘဝဟုဆိုလျှင် ဘယ်ဘဝမှမကောင်းဟု ဆိုရခြင်းမှာ ဘဝနှင့်ဒုက္ခ တစ်ထပ်တည်းမြင်ခဲ့သည့်အတွက်ဖြစ်သည်။ သို့သော် ကျွန်တော်တို့က ထိုမကောင်းသည့်ဘဝကိုပင် မက်မက်မောမော မသိ၍ လုပ်ချင်ရာလုပ်ခဲ့ကြသည်။ ဘဝတဏှာကြောင့် ဖြစ်လာသည့် ဤရုပ်၊ နာမ် ပရမတ်ခန္ဓာကြီးကို ပညတ်ထင်၍ ဤဘဝပိုင်ဆိုင်ရသည်ကိုပင် မြဲသည်ထင်ပြီး ကိုယ်ပိုင်ခန္ဓာပမာ အလှဆင်နေကြခြင်းဖြစ်သည်။ ဤခန္ဓာကြီးတည်တံ့အောင် မနည်းစောင့်ရှောက်နေရသည်ကိုပင် ဒုက္ခဟု မထင်။ အမှန်က စား၊ ဝတ်၊ နေရေးအရ လိုချင်တာ ဖြစ်ချင်တာတွေအတွက် အသက်မွေးဝမ်းကျောင်း ပြုရသည်ကလည်း ဒုက္ခတစ်မျိုးပါ။ မချစ်သော လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါနှင့် ပေါင်းသင်းရသည့်အခါ၊ မနှစ်သက်သောပစ္စည်းမျိုး ရလိုက်သည့်အခါမှာလည်း ဆင်းရဲရသည်။ ချစ်သောသူနှင့် ကွေကွင်းရလျှင်လည်း၊ ကြိုက်သည့်ပစ္စည်းလေး မရှိတော့လျှင်လည်း ဆင်းရဲရသည်။

ရသင့်သလောက် ရလာတော့လည်း ရတာထက်ပိုလိုချင်၊ ဖြစ်သင့်သည်ထက် ပိုဖြစ်ချင်ကြသည့် လောဘရမ္မက်ရယ်လို့ ဖြစ်လာပြီး လိုချင်၊ ဖြစ်ချင်တာ ရဖို့၊ ဖြစ်ဖို့ ပိုပြီး ရုန်းကန်ရ ရင်ဆိုင်ကြရပြန်သည်။ ဖြစ်ချင်တာမဖြစ်၊ လိုချင်တာမရသည့် အခါ တိုက်ကြ၊ ခိုက်ကြသည်အထိ ဖြစ်ရတော့သည်။ ရပြီးပြည့်ပြီးတော့လည်း ရပြီးသားလေးကို စိတ်မချ၊ လုံခြုံအောင် ထိန်းသိမ်းရသည့်ဒုက္ခနှင့် ဖြစ်လာသည့် ပူပန်စိုးရိမ်သောကဟူသည့် တရားဆိုးများကလည်း ဒေါသဆိုသည့် ဆင်းရဲခြင်းပါပဲ။ ဤတွင် ဆင်းရဲခြင်းဒုက္ခဖြစ်ရန် ချမ်းသာချင်သည့် တဏှာလောဘက ဦးစွာဖြစ်ရသည်ဟု မြင်မိသွားသည်။ ချမ်းသာလာတော့လည်း ကပ်ဘေးစုံ၊ သူခိုးမျိုးစုံ၊ မင်းဘေးရန်များကြောင့် ပြန်ဆင်းရဲမှာကို ကြောက်ရသည့်ဒုက္ခ၊ ဘယ်မှာလဲ အမှန်ချမ်းသာဆိုသည်ကို လောကီနယ်မှာ ရှာလို့ရနိုင်ပါမည်နည်း။

အားလုံးသည် ဒုက္ခချည်းပဲဆိုသည်ကို သိလာလျှင်၊ ဒုက္ခ၏မူလအကြောင်းတရားသည်ပင် လောဘတဏှာကြောင့်ဆိုသည်ကို သိလာလျှင်၊ ဒုက္ခသစ္စာ ဆင်းရဲခြင်းဆိုသည့် အကျိုးတရား၏ အကြောင်းတရားသည်ပင် သမုဒယသစ္စာဟု သိလာလျှင်၊ တစ်နည်းဆင်းရဲခြင်းသည်ပင် လောဘလက်ချက်ဆိုသည်ကို သိလာလျှင်.... မကောင်းသည့်အကြောင်းတရားများကို ပယ်ဖို့သာလျှင်ဖြစ်တော့သည်ဟု ဗုဒ္ဓဘုရားရှင်က ဆုံးမပြတော်မူခဲ့သည့်အတိုင်း မလွဲမသွေ လိုက်နာကြရန်သာ ရှိသည်မဟုတ်ပါလား။

သို့သော် အကြောင်းကိုမပယ်ဘဲ အကျိုးကိုပယ်နေကြ၍ ဘာထူးမည်နည်း။ ထို့ကြောင့် ဒုက္ခကိုမပယ်ဘဲ သမုဒယကိုသာ ပယ်ရပေမည်။ တစ်ခါတလေ မကောင်းဘူးဆိုတာသိနေသည်၊ သို့သော် ပယ်လို့ကမရ။ ဘာကြောင့်လဲဆိုလျှင် သိသော်လည်း နှစ်သက်၊ တပ်မက်၊ စွဲလမ်းမှုများ အားကြီးနေခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ထိုနှစ်သက်၊ တပ်မက်၊ စွဲလမ်းနေမှုကို ပယ်သတ်နိုင်အောင် ကြိုးစားရတော့မည်ပေါ့။ သတ်နိုင်မှလည်း ငြိမ်းလိမ့်မည်။ ထိုသို့ လောဘတဏှာခေါ် သမုဒယသစ္စာကို ပယ်သတ်ပြီး ငြိမ်းနိုင်မှသာလျှင် ဒုက္ခအားလုံး ချုပ်ငြိမ်းရာကို ရောက်ပါလိမ့်မည်။ သို့မှသာ နိရောဓသစ္စာ အမှန်ဆိုက်ရောက်မည်ဟုဆိုပါသည်။

ဓမ္မစကြာတရားဦး၏ ပဓာနကား သစ္စာလေးပါး အမှန်တရားဖြစ်သည်ကို သိခဲ့ကြပါပြီ။ အမှန်ဟုဆိုသည့်အတွက် အမှားကင်းသည်မှာ သေချာသွားသည်။ လေးနက်သည်ဆိုရာတွင် ကျေးဇူးရှင်မြတ်ဘုရား၏ အမှန်တရားတွင် အမှားလည်းကင်း၊ အမှားသို့ဦးတည်နိုင်သည့် အစွန်းနှစ်ပါးမှ ကင်းလွတ်ခြင်းဆိုသည့် လက္ခဏာများလည်း ပါဝင်နေခြင်းကြောင့်ဖြစ်သည်။ မြတ်စွာဘုရားကိုယ်တိုင်က အို၊ နာ၊ သေဝဋ်ဒုက္ခမှလွတ်ရန် ကြိုးစားခဲ့ရာတွင် ကာမအစွန်းနှင့် နှိပ်စက်ဆင်းရဲခြင်းအစွန်း၊ အစွန်းနှစ်ဖက်ကိုရှောင်၍ အလယ်အလတ် မဇ္ဈိမပဋိပဒါလမ်းစဉ်မှ ကျင့်ကြံအားထုတ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် ဤလမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်ကြရန် လမ်းပြပေးခဲ့ခြင်းဖြစ်သည်။ လက်တွေ့ မိမိတို့ သာသနာပြုရာလမ်းကြောင်း၊ လောကီရေးရာ လမ်းကြောင်းများမှာကော ဘယ်လမ်းကြောင်းကနေ ဘယ်လိုအားထုတ်နေကြပါသလဲ၊ အဘယ်လမ်းစဉ်ကို လိုက်နေကြပါသလဲ၊ အစွန်းတရားတွေက လွတ်ကြပါရဲ့လား။ ရှိသင့်ရှိထိုက်သည်ထက် ပိုရှိချင်နေသူတွေ၊ ဖြစ်သင့်သည်ထက် ပိုဖြစ်ချင်နေသူတွေ၊ ပြည့်သည်ထက် ပိုပြည့်ချင်သည့် လောဘတွေများစွာရှိနေကြဆဲဖြစ်မှာပါ။

**အလယ်အလတ်**
**မဇ္ဈိမအကျင့်လမ်းဟူသည်**

ဓမ္မစကြာတရားကို နာယူခိုက်မှာ အစွန်း နှစ်ဖက်ရှောင်၍ အမှန်လမ်းမှ လျှောက်လှမ်းနိုင်ရေး သံဝေဂယူနိုင်မည်ဆိုလျှင် လောကီအရေးအရာများအတွက်ပါ များစွာအကျိုးရှိပါမည်။ မြတ်စွာဘုရားကား ၁၃ နှစ်လုံးလုံး ကာမစည်းစိမ်ချမ်းသာကို ရရှိခံစားခဲ့ဖူးသော်လည်း အကျိုးကျေးဇူးကား နတ္ထိသာဖြစ်ကြောင်း သိရှိသွားခဲ့သည်။ ကာမဂုဏ်အာရုံဟူသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့မှာ အလွန်အကျူးခံစားခြင်း၊ မိမိခန္ဓာကိုပင်ပန်းနှိပ်စက်ပြီးမှ ကျင့်ကြံခြင်းဟူသည် ရှောင်အပ်သော အစွန်းနှစ်ပါးဖြစ်သည်။ *စာမျက်နှာ ၁၇ သို့*

**“အတိတ်ကာလ ဤနေ့ဤရက်တွင် တုသိတာနတ်ပြည်မှ စုတေခဲ့သည့် သိဒ္ဓတ္ထ ဘုရားလောင်းသည် ဤနေ့တွင်ပင် လူ့ပြည်၌ ပဋိသန္ဓေတည်ခဲ့သည်မှာ တိုက်ဆိုင်မှုတစ်ခု မဖြစ်နိုင်။ အို၊ နာ၊ သေ မမြဲသော နိမိတ်သဘောကိုမြင်ပြီး လောကကိုအကျိုးပြုရန် တောထွက်ခဲ့သည်ကလည်း ဤနေ့တွင်ပင်။ ထူးခြားလေးနက်မှုတို့ ပြည့်နှက်နေရာ ဤသာသနာအစပျိုးရာ ဤနေ့ဤအခါသမယတွင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ စတင်ပွင့်ထွန်းထင်ရှားဖြစ်ခဲ့ပါပြီ”**

**“ဓမ္မစကြာတရားဦး၏ ပဓာနကား သစ္စာလေးပါး အမှန်တရားဖြစ်သည်ကို သိခဲ့ကြပါပြီ။ အမှန်ဟုဆိုသည့်အတွက် အမှားကင်းသည်မှာ သေချာသွားသည်။ လေးနက်သည်ဆိုရာတွင် ကျေးဇူးရှင်မြတ်ဘုရား၏ အမှန်တရားတွင် အမှားလည်းကင်း၊ အမှားသို့ ဦးတည်နိုင်သည့် အစွန်းနှစ်ပါးမှ ကင်းလွတ်ခြင်းဆိုသည့် လက္ခဏာများလည်း ပါဝင်နေခြင်းကြောင့်ဖြစ်သည်။ မြတ်စွာဘုရားကိုယ်တိုင်က အို၊ နာ၊ သေဝဋ်ဒုက္ခမှလွတ်ရန် ကြိုးစားခဲ့ရာတွင် ကာမအစွန်းနှင့် နှိပ်စက်ဆင်းရဲခြင်းအစွန်း၊ အစွန်းနှစ်ဖက်ကိုရှောင်၍ အလယ်အလတ် မဇ္ဈိမပဋိပဒါလမ်းစဉ်မှ ကျင့်ကြံအားထုတ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်”**

## သထုံမြို့နယ်၌ အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး ပြုပြင်နည်းသင်တန်းဖွင့်လှစ်

**သထုံ ဇူလိုင် ၇**

သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး ပြုပြင်နည်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၄ ရက်က သထုံမြို့နယ် နောင်ကုလားကျေးရွာရှိ ပအိုဝ်းအမျိုးသားဗိမာန်တော်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးခွန်ထွန်းထွန်းလှက စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့က သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ ပေးအပ်သည်။



အဆိုပါသင်တန်းသို့ သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး ဇွန် ၄ ရက်မှစတင်ကာ အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး ပြုပြင်နည်းသင်တန်း(အခြေခံ) ၁၅ ရက်နှင့် မွမ်းမံသင်တန်း ၁၅ ရက် စုစုပေါင်းတစ်လကြာ သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဦးခွန်းထွန်းထွန်းလှက ပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**

## ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**သထုံ ဇူလိုင် ၇**

မွန်ပြည်နယ် သထုံမြို့နယ် တောင်စွန်း-အောင်းစိုင်နှင့် ကျောက်တန်းကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအား ခရိုင်နှင့် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ဇူလိုင် ၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း (၁/၅ ဒသမ ၅)မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၂၀၂၅ ခုနှစ် ဇွန်လမှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## GEC သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

**နမ့်စန် ဇူလိုင် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ GEC ပညာရေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)တွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဇင်မင်းထွန်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းတို့က အစည်းအဝေး ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး အသင်းတာဝန်ရှိသူများက ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်ပြခဲ့ကာ အသင်းသားများ၏ အတည်ပြုချက်ရယူခြင်း၊ ပညာရည်ချွန် ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် အသင်းသား ၅၄၃ ဦး၏ စုဆောင်းငွေပေါ် အတိုးကျပ်သိန်း ၁၄၀ နှင့် အစုပေါ်အမြတ်ငွေ ၃၁၁၉၅၁၄ ကျပ်တို့ကို စနစ်တကျ ခွဲဝေထုတ်ပေးကြောင်း သိရသည်။



**သူရအောင်(နမ့်စန်)**

> မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

*စာမျက်နှာ ၁၆ မှ*

ဘုရားလိုချင်သည်က အို၊ နာ၊ သေဝဋ်ဒုက္ခမှ လွတ်ကင်းရေးသာ ရည်မှန်းချက်ဖြစ်၍ ရဟန်းအတွက် အကျိုးမရှိသည့် ကာမချမ်းသာကို မလိုက်စားဘဲ ကာမဂုဏ်အစွန်းများကို ရှောင်ရှားရန်လည်းကောင်း၊ ကိုယ်၊ စိတ်ဆင်းရဲအပင်ပန်းခံပြီး အကျိုးမရှိ၊ ဆင်းရဲခြင်းအစွန်းကို ရှောင်ရှားရန်လည်းကောင်း ဟောကြားခဲ့သည်ကို နာယူရပါသည်။ ထိုအစွန်းတရားများအစား အလယ်အလတ်လမ်းစဉ်ဖြစ်သည့် မှန်သောအမြင်၊ မှန်သောအကြံ၊ မှန်သောစကား၊ မှန်သောအပြုအမူ၊ မှန်သောအသက်မွေးခြင်း၊ မှန်သောအားထုတ်ခြင်း၊ မှန်သောသတိ၊ မှန်သောသမာဓိဟူသော အင်္ဂါရှစ်ပါးအကျင့်လမ်းကို ဖော်ထုတ်ပြီး ထိုလမ်းစဉ်အတိုင်း လျှောက်လှမ်းကြရန်သာ မြတ်စွာဘုရားက လမ်းပြပေးတော်မူသည်ကို သတိချပ်ရန်လိုနေပါသည်။ ထိုလမ်းကြောင်းသည်သာ အလယ်အလတ် ကျင့်စဉ်တစ်ခုအဖြစ် ဘုရားရှင်ကိုယ်တိုင် ပညာဉာဏ်ဖြင့် ထိုးထွင်းသိမြင်တော်မူခဲ့သော မဂ္ဂသစ္စာအမှန်လမ်းဖြစ်နေပါတော့သည်။

အချုပ်အားဖြင့် ကျွန်တော်တို့အားလုံးသည် မိမိတို့ ရုပ်၊ နာမ်ခန္ဓာကြီး၏ ဆင်းရဲခြင်းသဘောများဖြစ်သည့် ဇာတိပဋိသန္ဓေဒုက္ခ၊ မအိုချင်လည်း အိုရမည်၊ မနာချင်၊ မသေချင်လည်း နာရသေရမည်။ ထိုသဘောများကို မြင်မှသာလျှင် ကောင်းသည့်ဘဝကော၊ မကောင်းသည့် ဘဝတွေကော ထပ်ကာထပ်ကာ ဖြစ်ခြင်းမှ လွတ်မြောက်မည်ဆိုသော အမှန်တရားများကို သိထားသင့်ပါသည်။ ပယ်သင့်တာ ပယ်ရပါမည်။ ပယ်နိုင်အောင်လည်း ပွားများကြရမည်။ သို့မှသာ မိမိတို့ရည်မှန်းသည့် ပန်းတိုင်သို့ ဆိုက်ရောက် ပါလိမ့်မည်။ ပဋိသန္ဓေ၊ အို၊ နာ၊ သေဝဲသြဃမှ လွတ်မြောက်ရာဖြစ်ကြောင်း အမှန်လေးပါးသစ္စာတရားမှ မသိခဲ့၊ မပယ်နိုင်ခဲ့လျှင် ဤဘဝ လူဖြစ်ရတာ တန်မည်မထင်ပါ။ လူဖြစ်သခိုက် ဘုရား၏ တရားတော်များနှင့် ကပ်လွဲနေသေးသမျှအစားထိုးမရသော ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်ရပါလိမ့်မည်။

အကြောင်းမှာ ပုထုဇဉ်မည်သည် လိုချင်၊ ရချင်တာမှန်သမျှ လိုချင်ရချင်သည့် ကိလေသာထုပြောတတ်သူများဖြစ်သောကြောင့်ပင်။ အလွန်အကျူးမထူပြောမိရန်နှင့် မပယ်သတ်နိုင်သေးလျှင်သော်မှ တတ်နိုင်သမျှ လျှော့ချရန်နှင့် နည်းနိုင်သမျှနည်းရန် ကြိုးစားသင့်ပါသည်။ မိမိလုပ်တာသည် မြတ်သလား၊ ယုတ်သလား ခွဲခြားတတ်စေရန်နှင့် ကိလေသာများပြီး အကုသိုလ်မပွားမိစေရန်ကို ဤတရားတော်ကြီးက ညွှန်ပြပေးနေသည်ကို လက်လွတ်မခံကြပါနှင့်။

အစွန်းနှစ်ပါးလွတ်ရန်နှင့် အလယ်အလတ်လမ်းမှလျှောက်နိုင်ရန် ပို၍ကြိုးစားကြရပါဦးမည်။ ထို့ကြောင့် အကျိုးထူးလှသော၊ များစွာသော ဓမ္မတရားတော်များနှင့်အတူ နောက်ထပ်တစ်ဖန် ပဋိသန္ဓေ၊ အို၊ နာ၊ သေဝဋ်ဆင်းရဲမှ လွတ်မြောက်ရန်နှင့် ကိလေသာမှ ငြိမ်းရန်ဖြစ်သည့် မဂ်၊ ဖိုလ်နိဗ္ဗာန်လမ်းကြောင်းကိုသာ ရည်မှန်းသည့် ဤလေးဖြာသစ္စာ မြတ်ဒေသနာကို အဖန်တလဲလဲ နာယူပူဇော်နိုင်ကြပါရန် ဤဆောင်းပါးနှင့်အတူ မျှဝေပူဇော်လိုက်ရပါသည်။ ။

# ကော့မှူး၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေအကြောင်းဆွေးနွေး

**ကော့မှူး ဇူလိုင် ၇**

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဥပဒေအကြောင်း အသိပညာပေး ဆွေးနွေးပွဲကို ယနေ့ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသက်ဇော်က ကျေးလက်လမ်းဖွံ့ဖြိုးရေး ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်(၃၈/၂၀၂၅) ၂၀၂၅ ခုနှစ် မေ ၁၆ ရက်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ရည်ရွယ်ချက်များ၊ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ၊ ကျေးလက်လမ်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြစ်မှုပြစ်ဒဏ်များနှင့် အထွေထွေကိစ္စရပ်များအား ဆွေးနွေးပြောကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



# ဖြူးမြို့နယ်၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

**ဖြူး ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၅ ခုနှစ် မိုးရာသီတွင် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက လိပ်သေကျေးရွာ၌ ကျင်းပသည်။**(ဝဲပုံ)**



ဦးစွာ ဖြူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းစိုးက ရတနာတန်းဝင် ပျိုးပင်ပေါက်များကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် ကျေးရွာနေပြည်သူများက လက်ခံရယူခဲ့ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ယမနေ၊ မဟော်ဂနီ၊ မန်ကျည်းရှား စုစုပေါင်းပျိုးပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# လပွတ္တာမြို့နယ်၌ လူငယ်အသိပညာပေး ဟောပြောပွဲကျင်းပ

**လပွတ္တာ ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် (၃) မိုင်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ယမန်နေ့က လူငယ်အသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး မျိုးမြင့်က သင်တန်းသား သင်တန်းသူများအား လူငယ်နှင့်မူးယစ်ဆေးဝါးအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်း၏ ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာအကြောင်းနှင့် ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား အသိပညာပေး

**တံတားဦး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ စပါးစိုက်တောင်သူများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် တိုင်းသီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သင်းသင်းထက် ဦးဆောင်သော တိုင်းအဆင့် ပန်းတိုင်သီးနှံအထွက်နှုန်း ရရှိရေး ပညာပေးအဖွဲ့သည် ယမန်နေ့က တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာရှိ စပါးစိုက်ခင်းများ၌ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။



အဆိုပါကျေးရွာရှိ တောင်သူများအား အောင်နိုင်တိုးစပါး ပျိုးခင်းနှင့် စပါးပျိုးသက် ၂၀ အတွင်း ပြောင်းရွှေ့စိုက်ပျိုးရန်နှင့် ကျရောက်ဖျက်ဆီးတတ်သည့် ပိုးမွှားရောဂါအကြောင်း၊ စိုက်ခင်းများတွင် ပိုးသတ်ဆေးစနစ်တကျ သုံးစွဲတတ်ရေးတို့ကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

အဆိုပါအဖွဲ့သည် ငါးဇင်ရိုင်းကျေးရွာ ရွှေတောင် ၁၀ ဝါစိုက်ခင်းတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး အတွက် မြေပြင်ချိန်မှ ရိတ်သိမ်းချိန်အထိ လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးနည်းပညာများ၊ ပန်းတိုင်ရရှိရေး အသုံးပြုရမည့် မြေဩဇာနှုန်းထားများ၊ သုံးစွဲနည်းများ၊ သစ်စိမ်းမြေဩဇာ စိုက်ပျိုးခြင်းမှ ရရှိသည့် အကျိုးကျေးဇူးများ၊ ပန်းတိုင်ရမျိုးများအကြောင်း ပညာပေးဆွေးနွေးခဲ့ပြီး တောင်သူများအားမှိုသတ်ဆေး၊ ပိုးသတ်ဆေးများ ပေးအပ်ခဲ့ကြောင်းသိရသည်။**မောင်ကျော်ကြီး**



# ပဲခူးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပဲခူး ဇူလိုင် ၇**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ပဲခူးမြို့နယ် ဥသာစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ် သမဝါယမအသင်းလီမိတက်အသင်းပိုင် ငါးကန်၌ ကျင်းပရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းမိသားစုများနှင့်အတူ ငှက်ပျောပင် ၂၀၀နှင့် ယိုးဒယားအုန်းပင် ၂၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# တွံတေး၌ မြန်မာအီလက်ထရွန်နစ်မဲပေးစက် အသုံးပြုနည်းဆိုင်ရာ နည်းပြအဆင့်သင်တန်းဖွင့်

**တွံတေး ဇူလိုင် ၇**

မြန်မာ့အီလက်ထရွန်နစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြအဆင့်သင်တန်းဖွင့်ပွဲကို တွံတေးမြို့ အ.ထ.က -၂ ပညာရတနာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားသို့ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးမင်းသူ၊ တွံတေးခရိုင်အတွင်းရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိများ၊ သင်တန်းနည်းပြဆရာများ၊ တွံတေးခရိုင်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေး၊ လူဝင်မှုကြီးကြပ်ရေး၊ ပညာရေး၊ စည်ပင်သာယာရေးစသည့်ဌာနများမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်သည်။

သင်တန်းကာလမှာ ဇူလိုင် ၇ ရက်မှ ၈ ရက်အထိ သင်ခန်းစာများ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



# ဝမ်းတွင်း၌ ငလျင်ဘေးသဏ္ဍာန်တူ သရုပ်ပြ

**ဝမ်းတွင်း ဇူလိုင် ၇**

ဝမ်းတွင်းမြို့နယ်၌ ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ သရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်း ကျောင်းခွဲအမှတ်(၁)၌ ကျင်းပသည်။**(အပေါ်ပုံ)**

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ သရုပ်ပြခြင်းကို ဆောင်ရွက်သည်။ ထို့နောက် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူ သရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ကြသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျောင်းကုန်း၌ သဘာဝဘေးကာကွယ်ရေးအသိပညာပေး

**ကျောင်းကုန်း ဇူလိုင် ၇**

ကျောင်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းက သဘာဝဘေးအန္တရာယ်များမှာ မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ မြေပြိုဘေးစသည့် အန္တရာယ်များ ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောသည်။ ထို့နောက် ရေဘေးအန္တရာယ်အတွက် အသက်ကယ်အင်္ကျီဝတ်ဆင်ပုံကို လက်တွေ့သရုပ်ပြ ဝတ်ဆင်ပြသခဲ့ကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ညောင်တုန်းမြို့အနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး



**ညောင်တုန်း ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်သို့ ရောက်ရှိပြီး ကုက္ကိုဝကျေးရွာရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို လည်းကောင်း၊ ညောင်တုန်းမြို့နယ် ရန်ကင်းစံရာ အနောက်ကျွန်းကျေးရွာနှင့် တိုးချဲ့အမှတ် (၄)ရပ်ကွက်ရှိ အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ကုက္ကိုဝကျေးရွာတွင် Bored Pile တူးဖော်ပြီးစီးမှုအခြေအနေနှင့် ညောင်တုန်းမြို့တွင် အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးက စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး



**အင်းစိန် ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အခွန်ဦးစီးမှူးဌာနက ဘဏ္ဍာနှစ် တည်ဆဲဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသန်းထွန်းနှင့် ဦးစီးအရာရှိ ဦးဇော်ဝင်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးရာ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်း စုစုပေါင်း ၁၁၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

## သံဖြူဇရပ်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအသိပေး

**သံဖြူဇရပ် ဇူလိုင် ၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းကို ဇူလိုင် ၅ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေးက မီးဘေးကြိုတင်ကာကွယ်ရေးများကို ရှင်းလင်းပြောကြားကာ စက်သုံးဆီအရောင်းဝန်ထမ်းများအား မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိတ္ထီလာမြို့နယ်၌ မြန်မာ့အီလက်ထရောနစ်မဲပေးစက်များ အသုံးပြုနည်းသင်တန်း ဖွင့်လှစ်



**မိတ္ထီလာ ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ပထမအကြိမ် မြန်မာ့အီလက်ထရောနစ်မဲပေးစက်(MEVM) များ လက်တွေ့ကိုင်တွယ် အသုံးပြုနည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲအရာရှိ ဒေါ်ခိုင်ခိုင်နွယ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၇ ရက်မှ ၃၁ ရက်အထိ သင်တန်း ၁၀ ကြိမ်ဖြင့် သင်တန်းသား သင်တန်းသူ ၉၂၀ အား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သုံးခွမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲ

**သုံးခွ ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ပြေစာအမှတ် တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပညာပေး ကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်ဝင်း ဦးဆောင်သည့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စည်သူလင်း(ပြန်/ဆက်)**



## မိုင်းယန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း

**မိုင်းယန်း ဇူလိုင် ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ရှိသူများသည် ပန်ဆောင်ကျေးရွာတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မိသားစုဝင်ငွေများ ပိုမိုတိုးပွားလာစေရန် ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ပန်ဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ခဲ့ရာ အသင်းသူအသင်းသား ၁၇ ဦးအား ဒသမအကြိမ်မြောက် ရန်ပုံငွေကျပ် ၃၆၅ သိန်းအထိ ထုတ်ချေးထားနိုင်ကြောင်း သိရသည်။

**မောင်ခိုင်**

## ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုး



**ဖျာပုံ ဇူလိုင် ၇**

ဖျာပုံမြို့နယ်၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဖျာပုံမြို့နယ် ရှမ်းကွင်းခေတ်မီစံပြကျေးရွာတွင် ယမန်နေ့က ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဇံရွှေ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးသန်းဇော်စိုး လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)တို့က ပျိုးပင်များ ပေးအပ်ပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေးအဖွဲ့အစည်း အသီးသီး၊ ဌာနဆိုင်ရာများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စိုက်ပျိုးကြသည်။ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အဖြစ် ကျေးရွာအဝင်လမ်းနှင့် စံပြလယ်ယာပတ်လမ်းတစ်လျှောက်တွင် မန်ဂျန်းရှားပင် ၃၀၀ အား စနစ်တကျ စိုက်ပျိုးကြခြင်းဖြစ်သည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**

**နေ့အလင်းရောင်ရှိချိန်တွင်**

**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## အမည်မှန်

ဦးခင်မောင်မြင့်၏ သမီး မြေခြင်းမြို့၊ အထက(၁) Grade-12 (STEAMS-1)မှ မအိရွှေစင်(ကျောင်းဝင်အမှတ်-၁၂၀၈)၏အမည်မှန်မှာ မအိရွှေဇင်ဖြစ်ပါကြောင်း။

**မအိရွှေဇင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ အမှတ်(၃)အထက(ခွဲ)ကျောင်းမှ ဆရာမ ဒေါ်အိချိုဇင်လှိုင်(ထက်ပြ)၏ ဖခင်အမည်မှန်မှာ တက္ကသိုလ်ဝင် အောင်လက်မှတ်တွင် ဦးအုံးလှိုင်နှင့် အမှုထမ်းစာအုပ်နှင့် နိုင်ငံသားစိစစ်ရေးကတ်တို့မှ ဦးအုန်းလှိုင်တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအုံးလှိုင်(ခ)ဦးအုန်းလှိုင်**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အထက(၁)ကျောင်းမှ ဆရာမ ဒေါ်စန်းစန်းအေး(ထက်ပြ)၏ အမည်မှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်နှင့် အမှုထမ်းစာအုပ်တို့တွင် ဒေါ်စန်းစန်းအေးနှင့် နိုင်ငံသားစိစစ်ရေးကတ်တွင် ဒေါ်စမ်းစမ်းအေး တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းအေး(ခ) ဒေါ်စမ်းစမ်းအေး**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အထက(၁)ကျောင်းမှ ဆရာမ ဒေါ်ဖြိုးဖြိုးနွယ်(ထက်ပြ)၏ ဖခင်အမည်မှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်နှင့် အမှုထမ်းစာအုပ်တို့တွင် ဦးသာဒင်နှင့် နိုင်ငံသားစိစစ်ရေးကတ်တွင် ဦးသာထင်တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသာဒင်(ခ)ဦးသာထင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဖယ/၅၉၇၉၀, HONDA SCOOPY-110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းဦး ၉/မဟမ(နိုင်)၀၈၅၄၉၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/51948, HONDA CLICK-125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုးထွန်း ၉/မဟမ(နိုင်)၁၁၈၃၂၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/98032, HONDA SCOOPY-110 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဖြိုးဝေ ၉/စကန(နိုင်)၀၉၅၇၉၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆ - ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

**(က) ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ပါရဂူဘွဲ့(ခန္ဓာဗေဒ)<br>Ph.D(Anatomy) | ၃ နှစ် |
| ၂။ | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ)<br>Ph.D(Physiology) | ၃ နှစ် |
| ၃။ | ပါရဂူဘွဲ့(ဇီဝဓါတုဗေဒ)<br>Ph.D(Biochemistry) | ၃ နှစ် |
| ၄။ | ပါရဂူဘွဲ့(အဏုဇီဝဗေဒ)<br>Ph.D(Medical Microbiology) | ၃ နှစ် |
| ၅။ | ပါရဂူဘွဲ့(ဆေးဝါးဗေဒ)<br>Ph.D(Pharmacology) | ၃ နှစ် |

**(ခ) ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေဆေးပညာ)<br>Dr.Med.Sc(General Medicine) | ၃ နှစ် |
| ၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေခွဲစိတ်ကုပညာ)<br>Dr.Med.Sc(General Surgery) | ၃ နှစ် |
| ၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သားဖွားမီးယပ်ပညာ)<br>Dr.Med.Sc(Obstetrics & Gynaecology) | ၃ နှစ် |
| ၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးကျန်းမာပညာ)<br>Dr.Med.Sc(Paediatrics) | ၃ နှစ် |
| ၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးရောဂါပညာ)<br>Dr.Med.Sc(Orthopaedics) | ၃ နှစ် |
| ၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးရောဂါပညာ)<br>Dr.Med.Sc(Cardiology) | ၃ နှစ် |
| ၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)<br>Dr.Med.Sc(Cardiovascular Surgery) | ၃ နှစ် |
| ၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ)<br>Dr.Med.Sc(Respiratory Medicine) | ၃ နှစ် |
| ၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ရင်ခေါင်းခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Thoracic Surgery) | ၃ နှစ် |
| ၁၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောဆေးပညာ)<br>Dr.Med.Sc(Neurology) | ၃ နှစ် |
| ၁၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Neurosurgery) | ၃ နှစ် |
| ၁၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်ရောဂါပညာ)<br>Dr.Med.Sc(Nephrology) | ၃ နှစ် |
| ၁၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Urology) | ၃ နှစ် |
| ၁၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ)<br>Dr.Med.Sc(Gastroenterology) | ၃ နှစ် |
| ၁၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသည်းရောဂါပညာ)<br>Dr.Med.Sc(Hepatology) | ၃ နှစ် |
| ၁၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ)<br>Dr.Med.Sc(Clinical Haematology) | ၃ နှစ် |
| ၁၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Paediatric Surgery) | ၃ နှစ် |
| ၁၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မွေးကင်းစကလေးဆေးပညာ)<br>Dr.Med.Sc(Neonatology) | ၃ နှစ် |
| ၁၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Hand Surgery) | ၃ နှစ် |
| ၂၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ)<br>Dr.Med.Sc(Gynaecological Oncology) | ၃ နှစ် |
| ၂၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျိုးပွားမှုဆိုင်ရာဆေးပညာ)<br>Dr.Med.Sc(Reproductive Health) | ၃ နှစ် |
| ၂၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မေ့ဆေးပညာ)<br>Dr.Med.Sc(Anaesthesiology) | ၃ နှစ် |
| ၂၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတ်မှန်ပညာ)<br>Dr.Med.Sc(Radiology) | ၃ နှစ် |
| ၂၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ)<br>Dr.Med.Sc(Ophthalmology) | ၃ နှစ် |
| ၂၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့(နားနှာခေါင်း၊လည်ချောင်း၊ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Otorhinolaryngology Head & Neck Surgery) | ၃ နှစ် |
| ၂၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ)<br>Dr.Med.Sc(Medical Jurisprudence) | ၃ နှစ် |
| ၂၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုး၊အကြောအဆစ်ဆေးပညာ)<br>Dr.Med.Sc(Rheumatology) | ၃ နှစ် |
| ၂၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)<br>Dr.Med.Sc(Rehabilitation Medicine) | ၃ နှစ် |
| ၂၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Oral & Maxillo Facial Surgery) | ၃ နှစ် |
| ၃၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)<br>Dr.Med.Sc(Plastic Surgery) | ၃ နှစ် |
| ၃၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောရိုးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Spine Surgery) | ၃ နှစ် |
| ၃၂။ | ဆေးလက်တွေ့ပါရဂူဘွဲ့(အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Hepatobiliary & Pancreatic Surgery) | ၃ နှစ် |
| ၃၃။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ)<br>Dr.Med.Sc(Endocrinology) | ၃ နှစ် |
| ၃၄။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (စိတ်ကျန်းမာပညာ)<br>Dr.Med.Sc(Mental Health) | ၃ နှစ် |
| ၃၅။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ)<br>Dr.Med.Sc(Tropical & Infectious Diseases) | ၃ နှစ် |
| ၃၆။ | ဆေးလက်တွေ့ပါရဂူဘွဲ့(သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆေးပညာ)<br>Dr.Med.Sc(Geriatric Medicine) | ၃ နှစ် |
| ၃၇။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ)<br>Dr.Med.Sc(Haematopathology) | ၃ နှစ် |
| ၃၈။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ)<br>Dr.Med.Sc(Histopathology) | ၃ နှစ် |
| ၃၉။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓါတုရောဂါဗေဒ)<br>Dr.Med.Sc(Chemical Pathology) | ၃ နှစ် |
| ၄၀။ | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရေပြားရောဂါပညာ)<br>Dr.Med.Sc(Dermatology) | ၃ နှစ် |
| ၄၁။ | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ)<br>Dr.Med.Sc(Paediatric Haemato-Oncology) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူများနှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိထားသူများ ဖြစ်ရမည်။

(ဂ) ပါရဂူသင်တန်းများအားလုံး (Ph.D, Dr.Med.Sc) အတွက် လျှောက်လွှာပိတ်သည့်နေ့တွင် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားလာပါက ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓါတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ(သွေးရောဂါဗေဒ၊ အသားမျှင်ရောဂါဗေဒ၊ ဓါတုရောဂါဗေဒ)၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ) သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက် (၃)နှစ်ရှိရမည်။ ကျန်ပါရဂူဘွဲ့သင်တန်းများအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၄)နှစ်ရှိရမည်။

(င) ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ဆေးပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(စ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) သင်တန်းအတွက် ဆေးပညာ မဟာသိပ္ပံ (ဆေးပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဈ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ည) ဆေးလက်တွေ့ပါရဂူဘွဲ့ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဋ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ (သို့မဟုတ်) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဌ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဍ) ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဎ) ဆေးလက်တွေ့ပါရဂူဘွဲ့(ရင်ခေါင်းခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ)(သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ရင်ခေါင်းခွဲစိတ်ကုပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဏ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကု ပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(တ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ) (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ(ကလေးခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ထ) ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ၊ ဓါတုရောဂါဗေဒ၊ သွေးရောဂါဗေဒ)သင်တန်းများအတွက် ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဒ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဓ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(န) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၂၉-၈-၂၀၂၅)ရက် (သောကြာနေ့)**ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှုအရည်အချင်းစစ် စာမေးပွဲ (၂)နာရီ မေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး၊ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရ အောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှ တစ်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်း မရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **(၁၆-၁၀-၂၀၂၅)ရက် (ကြာသပတေးနေ့)**ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး - ၁၀၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅) ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ငွေစာရင်းအမှတ် MD- ၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲ စနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်း တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ(မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၈၃၇၀၉၃၈၊ ၀၁-၈၃၈၂၄၈၅၊ ၀၁-၈၂၅၁၁၃၁) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆေးတက္ကသိုလ်(၁)၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## အမည်ပြောင်း

ဦးလှရိုန် ၁၂/ကတန(နိုင်)၀၆၁၀၀၃ ၏ သား ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ဥယျာဉ်ကျေးရွာနေ ဦးလေးမြင့်ဦးအား ဦးလေးမြင့် ဟု ပြောင်းလဲခေါ်ပါရန်။

**ဦးလေးမြင့်**

## ဖခင်အမည်မှန်

အထက(၁) ရေနုဖြူမြို့နယ်၊ Grade-11 (D) တွင် ပညာသင်ကြားနေသော မခိုင်မီမီလှိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းကျော်စိုး ၅/ခဥတ(နိုင်)၀၆၈၇၂၅ ဖြစ်ပါကြောင်း။

**ဦးသန်းကျော်စိုး**

## CNG ကတ် အနီရောင်ပျောက်ဆုံး

ကျွန်မ ဒေါ်အေးအေးသိန်း ၁၄/ဟသတ(နိုင်)၀၅၇၃၀၆ အမည်ပေါက်ပိုင်ဆိုင်သော BB/4176 ၏ CNG သက်တမ်းတိုးကတ် အနီရောင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၄၄၃၁၃၅၇၀၁**

## အမည်မှန်

ဦးလှိုင်မင်းထက် - ဒေါ်လဲ့ရည်တို့၏သား မိုင်းယောင်းမြို့၊ အမက(၅၇၃)၊ Grade-3 မှ မောင်ဟိန်းပြည့်လျှံ၏ အမည်မှန်မှာ မောင်ဟိန်းပြည့်သျှံ ဖြစ်ပါကြောင်း။

**မောင်ဟိန်းပြည့်သျှံ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/26215, Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၄/အဂပ(နိုင်)၁၀၉၇၂၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/3577, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ချစ် ၁၃/တခလ(နိုင်)၀၀၅၇၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား မျ ား ဖြ င့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/4022, Honda PCX ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဆွတ်ခမ်း ၁၃/တခလ(နိုင်)၀၆၄၆၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား မျ ား ဖြ င့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေတို့ဖြင့် ဒလသင်္ဘောကျင်း(၂၅၂' x၁၈၀')ဇုန်-၅ အလုပ်ရုံ၏ အမိုးနှင့် ရေတံလျှောက်အသစ်လဲပြုပြင်ခြင်းလုပ်ငန်းနှင့် ဒလသင်္ဘောကျင်း၊ ဇုန်-၅ အလုပ်ရုံ(၂၅၂'x၁၈၀')၏ အလယ်အမိုးအမြင့်အား ၂၂ပေသို့ ထပ်မံတိုးမြှင့်ခြင်း၊ အလုပ်ရုံအောက်ခြေအား ၁၃-၁/၂''ထု ကွန်ကရစ်ခင်းခြင်း၊ အလုပ်ရုံဘေးပတ်လည်နံရံများအား(Louver)တရုတ်ကပ်မှန်များ တပ်ဆင်ခြင်းလုပ်ငန်း (၂၅၂' x၁၈၀' x၄၂')(1 Lot)အား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လို ပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၉-၇-၂၀၂၅မှ ၇-၈-၂၀၂၅ ရက်အထိ (ရုံးချိန်အတွင်း)
**လျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန်** - ၈-၈-၂၀၂၅ရက်၊ (၁၆:၃၀နာရီအထိ)
**လျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်** - ၁၁-၈-၂၀၂၅ရက်၊ (၁၆:၃၀နာရီအထိ)
**တင်ဒါဖွင့်မည့်နေရာ** - ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်)၊ အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့
**တင်ဒါရွေးချယ်စိစစ်မည့်ရက်** - ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (ရုံးချုပ်)၊ မြို့ပြအင်ဂျင်နီယာဌာနခွဲ၊ အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၉၇၅၅၅၈၉၅၈သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သပြေလမ်း၊ အမှတ်(၆၂)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၃၀ပေ x အနံ ၅၀ပေ) (၁၅၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဦးအုန်းအမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုသူ ဒေါ်တင်တင်ကြွေ(ဘ)ဦးအုန်း၏ သမီးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်နိုင် ၁၂/မရက(နိုင်)၁၁၁၁၉၃ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက် လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချမ်းမြေ့ဦး (LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၄)(၁၆-၅-၂၀၀၇)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်၊**
**ရုံးဖုန်း-၀၉-၅၁၉၀၅၄၆၊၀၉-၂၆၂၄၅၈၃၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၀)၊ နောင်ခမ်းကြီးအလယ်စု၊ A လမ်း၊ အိမ်အမှတ်(၁၈)နေ ဒေါ်စောရင် ၁/မစန(နိုင်) ၀၀၂၆၆၂၏သားဖြစ်သူ ကိုဘုန်းလူ ၁/မညန(နိုင်) ၁၈၇၆၁၆သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့ကြော်ငြာပါသည့် ရက်မှစ၍ ကိုဘုန်းလူအား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ကိုဘုန်းလူနှင့် ပတ်သက်သည့် ကိစ္စအဝဝသည် မိခင်ဖြစ်သူနှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် မိခင်ဖြစ်သူမှ တာဝန်ယူ ဖြေရှင်းပေးတော့မည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စောရင် ၁/မစန(နိုင်) ၀၀၂၆၆၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 30W/68712 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုညို ၃/ကကရ(နိုင်)၀၆၂၃၇၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား မျ ား ဖြ င့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကော့ကရိတ်) ကော့ကရိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4N/2627,Hino Profia SHIEXS, Tractor Head (4X2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလှိုင်ဦး ၁၂/ဒပန(နိုင်)၀၀၈၃၅၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အ ထော က် အ ထား မျ ား ဖြ င့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွှေသာကြီး) ရန်ကုန်မြို့**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
## သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆ ပညာသင်နှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူ သွားဘက်ဆိုင်ရာဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အထွေထွေသွားရောဂါကုဒီပလိုမာ<br>Dip.D.Sc. (General Dental Practice) | ၁ နှစ် |
| (ခ) | သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာ<br>Dip.D.Sc. (Dental Implantology) | ၁ နှစ် |

**သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(အထူးပြု)ဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)<br>M.D.Sc. (Oral & Maxillofacial Surgery) | ၂ နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(မေးရိုးနှင့်ခံတွင်းဆေးပညာ)<br>M.D.Sc. (Oral Medicine) | ၂ နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(သွားရောဂါကုဆေးပညာ)<br>M.D.Sc. (Conservative Dentistry) | ၂ နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(သွားတုဆေးပညာ)<br>M.D.Sc. (Prosthodontics) | ၂ နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(သွားဖုံးရောဂါကုပညာ)<br>M.D.Sc. (Periodontology) | ၂ နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ)<br>M.D.Sc. (Preventive & Community Dentistry) | ၂ နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(ကလေးသွားကျန်းမာရေးပညာ)<br>M.D.Sc. (Paediatric Dentistry) | ၂ နှစ် |
| (ဇ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(သွားညှိကုပညာ)<br>M.D.Sc. (Orthodontics) | ၂ နှစ် |
| (ဈ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ<br>(သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ)<br>M.D.Sc. (Oral Biological Science) | ၂ နှစ် |

**သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ<br>(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)<br>Dr.D.Sc. (Oral & Maxillofacial Surgery) | ၃ နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ<br>(မေးရိုးနှင့်ခံတွင်းဆေးပညာ)<br>Dr.D.Sc. (Oral Medicine) | ၃ နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ<br>(သွားရောဂါကုဆေးပညာ)<br>Dr.D.Sc. (Conservative Dentistry) | ၃ နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ<br>(သွားတုဆေးပညာ)<br>Dr.D.Sc. (Prosthodontics) | ၃ နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ<br>(သွားဖုံးရောဂါကုပညာ)<br>Dr.D.Sc. (Periodontology) | ၃ နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ<br>(ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ)<br>Dr.D.Sc. (Preventive & Community Dentistry) | ၃ နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ<br>(ကလေးသွားကျန်းမာရေးပညာ)<br>Dr.D.Sc. (Paediatric Dentistry) | |
| (ဇ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူ<br>(သွားညှိကုပညာ)<br>Dr.D.Sc. (Orthodontics) | ၃ နှစ် |

**သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူ<br>(သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ)<br>Ph.D. (Oral Biological Science) | ၃ နှစ် |

**လိုအပ်သောအရည်အချင်း**

**(က) ပြင်ပသွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဖွင့်လှစ်မည့် အထွေထွေ သွားရောဂါကုဒီပလိုမာ သင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S.) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(၃) လက်ရှိတရားဝင် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်ဆေးကုသခွင့်မှတ်ပုံတင်(သခ) သက်တမ်း (၂)နှစ် ပြည့်ပြီး (သခ) သက်တမ်းတိုးကိုင်ဆောင်ထားသူဖြစ်ရမည်။
(၄) အသက်သတ်မှတ်ချက်မရှိပါ။
(၅) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းနိုင်သူဖြစ်ရမည်။
(၆) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

**(ခ) သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာသင်တန်း**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S.) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံးလုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၅) ဒီပလိုမာရရှိပြီးနောက်၊ အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၆) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

**(ဂ) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့(အထူးပြု)သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ (B.D.S.) ရရှိထားသူ (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။ (သွားဘက်ဆိုင်ရာ ခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒဘာသာရပ် လျှောက်ထားမည့်သူများအတွက် လုပ်သက် သတ်မှတ်ချက်မရှိပါ။)
(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(၅) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၆) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

**(ဃ) သွားဘက်ဆိုင်ရာဆေးပညာပါရဂူဘွဲ့သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများအတွက် သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့ (M.D.Sc.) (သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီမှအသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိသူ ဖြစ်ရမည်။
(၃) သွားဘက်ဆိုင်ရာဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (သွားဘက်ဆိုင်ရာ ခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ)သင်တန်းအတွက် သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ/ သွားဘက် ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ)(သို့မဟုတ်) မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
(၄) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ် ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(၅) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်ရရှိပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သူများမှ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ (သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့်ဇီဝကမ္မဗေဒ) သင်တန်းအတွက် လျှောက်ထားလိုပါက လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင် ဝင်ရောက်သည့်နေ့မှစ၍ခွင့်ရက်မပါ စုစုပေါင်းလုပ်သက် (၃)နှစ်နှင့် ဆေးလက်တွေ့ပါရဂူဘွဲ့ သင်တန်းများအတွက် လျှောက်ထားလိုပါက စုစုပေါင်းလုပ်သက် (၄)နှစ် ရှိရမည်။
(၆) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၇) သွားဘက်ဆိုင်ရာဆေးပညာပါရဂူဘွဲ့ ရရှိပြီးပါက အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်း အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၂၉.၈.၂၀၂၅)ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ (က) ပြင်ပသွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဖွင့်လှစ်မည့် အထွေထွေ သွားရောဂါကုဒီပလိုမာ သင်တန်းအတွက် လျှောက်လွှာများကို ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်သို့ လိပ်မူ၍ တိုက်ရိုက်လျှောက်ထား ရမည်။
(ခ) နိုင်ငံ့ဝန်ထမ်း သွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဖွင့်လှစ်မည့် သွားမြစ်တုအစားထိုး ဆေးကုသမှုပညာဒီပလိုမာသင်တန်း၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာများကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည် ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ ကြိုတင်လျှောက်လွှာမိတ္တူ(၁)စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ်ထံလိပ်မူ၍ လျှောက်လွှာပိတ်ရက်မတိုင်မီ မပျက်မကွက် ပေးပို့ရမည်။

၆။ ဝင်ခွင့်ရေးဖြေစစ်ဆေးမည့်ရက်မှာ -
ပါရဂူသင်တန်းများ - ၁၆.၁၀.၂၀၂၅ (ကြာသပတေးနေ့)
ဒီပလိုမာနှင့်မဟာသိပ္ပံသင်တန်းများ - ၁၇.၁၀.၂၀၂၅ (သောကြာနေ့)

၇။ ဝင်ခွင့်စာမေးပွဲစစ်ဆေးမည့်အစီအစဉ်
- ပြင်ပသွားဘက်ဆိုင်ရာဆရာဝန်များအတွက် ဖွင့်လှစ်သော Dip.D.Sc. (GDP) သင်တန်းအတွက်
  - ကျွမ်းကျင်မှုဘာသာရပ်ဆိုင်ရာ MCQ (၂)နာရီမေးခွန်း
- နိုင်ငံ့ဝန်ထမ်းဆရာဝန်များအတွက် ဖွင့်လှစ်သော ဒီပလိုမာသင်တန်း (Dip.D.Sc., Dental Implantology) အတွက်
  - ကျွမ်းကျင်မှုဘာသာရပ်ဆိုင်ရာ MCQ (၂)နာရီမေးခွန်း
  - ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် (၂)ကြိမ် စစ်ဆေး မည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီ မေးခွန်းကို ဖြေဆိုရ မည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။
- သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ အားလုံးအတွက်
  - ကျွမ်းကျင်မှုဘာသာရပ်ဆိုင်ရာ MCQ (၂)နာရီမေးခွန်း
  - ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း မပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် (၂)ကြိမ် စစ်ဆေး မည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။
- သွားဘက်ဆိုင်ရာဆေးပညာပါရဂူဘွဲ့သင်တန်းများ အားလုံးအတွက်
  - ကျွမ်းကျင်မှုဘာသာရပ်ဆိုင်ရာ Essay type (၃)နာရီမေးခွန်း
  - ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် (၂)ကြိမ် စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ် ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ (၂)နာရီ မေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ နိုင်ငံ့ဝန်ထမ်း သွားဘက်ဆိုင်ရာဆရာဝန်များသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကိုလည်းကောင်း၊ ပြင်ပ သွားဘက်ဆိုင်ရာဆရာဝန်များသည် ဒီပလိုမာဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀၀/- (ကျပ်တစ်သောင်း တိတိ)ကိုလည်းကောင်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ် သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-010219 သို့ ပေးသွင်း ရမည်။

**(မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၏ ငွေစာရင်းအမှတ် MD-010219သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့် မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး၊ တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကိုမတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၏ Website: http://www.udmyangon-edu.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။(သို့မဟုတ်)ဘွဲ့လွန်ဌာနစိတ်၊ ဖုန်း-၀၉-၂၆၀၃၇၁၃၅၆၊ ၀၉-၄၂၀၁၄၆၅၉၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံး၊ ရန်ကုန်မြို့တွင် အောက်ဖော်ပြပါ ရာထူးနေရာများ၌ ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်းကျပ် | ခန့်ထားမည့်နေရာ | အနိမ့်ဆုံးရှိရမည့် အရည်အချင်း/ သတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး ၂၁၆၀၀၀-၂၀၀၀- ၂၂၆၀၀၀ | ကျား/မ (၁၀) နေရာ | ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com) စီးပွားရေးပညာဘွဲ့ (စာရင်းအင်း) B.Econ (Statistics) စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) B.Econ (Economics) စာရင်းကိုင်ပညာဘွဲ့ (B.Act) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့(B.P.A) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ)B.A (English) ဥပဒေဘွဲ့(LL.B) |

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဂ) လျှောက်ထားသူများသည် ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၂၇) နှစ်၊ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှ တစ်ဆင့် လျှောက်ထားရမည်)
(ဃ) ကွန်ပျူတာတတ်ကျွမ်းသူဖြစ်ရမည်။
(င) ရွေးချယ်ခန့်ထားခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ လျှောက်လွှာပုံစံကို ဤကော်မရှင်ရုံး၏ website ဖြစ်သော www.secm.gov.mm တွင် Download ရယူ၍ လည်းကောင်း၊ website တွင် ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်း၍လည်းကောင်း လျှောက်လွှာတွင် ပါရှိသော အချက်များကို ပြည့်စုံစွာရေးသွင်း၍ လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-
(က) ကိုယ်ရေးမှတ်တမ်းအကျဉ်း၊
(ခ) ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်မိတ္တူ၊ (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်နှင့် ဖြေဆိုချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (ဖြေဆိုချိန်တွင် မူရင်းယူဆောင်လာရမည်)၊
(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊
(င) (၂)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် (၁.၂" x ၁.၄") ကာလာဓါတ်ပုံ (၃)ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)၊
(စ) (၂)လအတွင်း ပြုလုပ်ထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းထောက်ခံချက်မိတ္တူ (စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာကို website တွင် ကိုယ်ရေးအချက်အလက်များ တိုက်ရိုက်ဖြည့်သွင်း၍ဖြစ်စေ၊ ညွှန်ကြားရေးမှူးချုပ်၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၊ အမှတ်(၂၁-၂၅)၊ ဆူးလေဘုရားလမ်းနှင့်ကုန်သည်လမ်းထောင့် (မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်တိုင်းရုံး အဆောက်အအုံ) သို့လိပ်မူ၍ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ၊ secm.admin.dir@e-mopf.gov.mm နှင့် hr.secm.hr@gmail.com သို့ e-mail ပေးပို့၍ ဖြစ်စေ ၁၅-၈-၂၀၂၅ ရက်နေ့ နောက်ဆုံးထား ပေးပို့လျှောက်ထားရပါမည်။ လူကိုယ်တိုင် လာရောက်လျှောက်ထားရန်မလိုပါ။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ပေးပို့လာသည့် လျှောက်လွှာများ၊ စည်းကမ်းနှင့်မကိုက်ညီသည့် လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၆။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာနှင့် အထောက်အထားများကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ဤကော်မရှင်ရုံးသို့ ၂၂-၈-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန်နှင့် ကြိုတင် လျှောက်လွှာမိတ္တူ (၁)စောင်ကို ဤကော်မရှင်ရုံးသို့ ၁၅-၈-၂၀၂၅ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၈-၈-၂၀၂၅ ရက်နေ့နှင့် ၂၉-၈-၂၀၂၅ ရက်နေ့တို့တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ် ပါသည်။

၈။ ရေးဖြေစာမေးပွဲကို ၄-၉-၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့် ရေးဖြေစာမေးပွဲ ဘာသာရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
(က) မြန်မာစာနှင့် အထွေထွေဗဟုသုတ - (၂)နာရီမေးခွန်း
(ခ) အင်္ဂလိပ်စာ - (၂)နာရီမေးခွန်း
(ဂ) ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ နှုတ်ဖြေစာမေးပွဲနှင့်ကွန်ပျူတာ စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရေးဖြေဖြေဆိုခွင့်ရရှိသူများစာရင်း၊ ရေးဖြေအောင်မြင်ပြီး ကွန်ပျူတာ၊ လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့် ရရှိသူအမည်စာရင်း၊ ဖြေဆိုရမည့် နေ့ရက်နှင့်နေရာတို့ကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးနှင့် ဤကော်မရှင်ရုံး၏ website ဖြစ်သော www.secm.gov.mm တွင် ဖော်ပြထားပါမည်။

၁၀။ အသေးစိတ်သိရှိလိုပါက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး၊ စီမံရေးရာဌာန၊ ဖုန်းနံပါတ် ၀၁-၈၃၈၆၆၀၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၅-၂၀၂၆)ခု၊ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်)တွင် ဆေးဝါး၊ ဆေးပစ္စည်းနှင့် ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ သယ်ယူပို့ဆောင်နိုင်ရန် ပုဂ္ဂလိက မော်တော်ယာဉ်ငှားရမ်းခြင်း လုပ်ငန်းအတွက်အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါဖောင်ပုံစံကို ဒုတိယညွှန်ကြားရေးမှူး(ဖြန့်ဖြူးရေး)၊ ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်)၊ အမှတ်(၅၇)၊ စကားဝါလမ်း၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့သို့လူကိုယ်တိုင်လာရောက်တင်သွင်းနိုင်ပါသည်။အသေးစိတ်သိရှိလိုပါကဖုန်းနံပါတ်(၀၁-၈-၃၇၁၂၈၄၊ ၀၁-၈-၃၇၄၄၉၇)၊ ၀၁-၈-၃၇၇၉၉၆)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါဖောင်ပုံစံရောင်းချမည့်ရက်** - ၈-၇-၂၀၂၅ရက်၊ (ရုံးချိန်အတွင်း)
**တင်ဒါပိတ်သိမ်းမည့်ရက်** - ၂၁-၇-၂၀၂၅ရက်၊ (ရုံးချိန်အတွင်း)
**တင်ဒါဖောင်ဈေးနှုန်း(ကျပ်)** - ၅၀၀၀/- (ကျပ်ငါးထောင်တိတိ)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဗဟိုဆေးသိုလှောင်ရေးဌာန(ရန်ကုန်)**
**အမှတ်(၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ မန္တလေးလျှပ်စစ်ကြီးကြောင့် ပျက်စီးသွားသော စက်မှုဇုန်(၁)ဓာတ်အားခွဲရုံရှိ ဓာတ်အားခွဲရုံပစ္စည်း(၃)မျိုးနှင့် 11/0.4kV, Transformer(75)Nos ဝယ်ယူခြင်း တင်ဒါ(၂)ခုတို့အား မြန်မာကျပ်ငွေ (Kyat)ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၇-၂၀၂၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၄-၇-၂၀၂၅ရက် ၁၄:၀၀နာရီ
**တင်ဒါပုံစံရောင်းချတင်သွင်းရမည့်နေရာ** - မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ၂၇လမ်း၊ ၇၇x၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့

၂။ တင်ဒါပုံစံနှင့်စာရွက်စာတမ်းများကို အထက်ပါလိပ်စာတွင် သတ်မှတ်နှုန်းထားအတိုင်း ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၂-၄၀၇၃၈၀၁၊ ၀၂-၄၀၆၉၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**

## တစ်ဦးတည်းဖြစ်ကြောင်း

လယ်ဝေးမြို့နေ ဒေါ်အေးစန္ဒာ၉/လဝန(နိုင်)၁၆၂၆၀၂၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စန်းနှင့် ဒေါ်ခင်ဆန်းဟု ကွဲလွဲနေသော်လည်း တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဖျာပုံမြို့၊ TTA ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မအိကဗျာဟန်၏ ဖခင်အမည်မှန်မှာ ဦးသူရ ၅/ ကဘလ(နိုင်)၁၄၁၄၁၂ဖြစ်ပါကြောင်း။

**ဦးသူရ**
**၅/ကဘလ(နိုင်)၁၄၁၄၁၂**

## မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အမှတ်(၁) အထက Grade-11 တွင် ပညာသင်ကြားနေသော မောင်အောင်ထူးနှင့် မောင်အောင်ဦး တို့၏ မိဘအမည်မှန်မှာ ဦးသန်းငွေး နှင့် ဒေါ်မစိုး ဖြစ်ပါကြောင်း။

**ဦးသန်းငွေး-ဒေါ်မစိုး**

## မွေးသက္ကရာဇ်အမှန်

ဦးစုရင်ဒါရ်၊ ၇/ဖမန(နိုင်)၁၈၆၆၁၁၏သမီး ဖြူးမြို့နယ်၊ အထက(၂) ကျောင်း G-8မှ မဆုမန်၏ မွေးသက္ကရာဇ် အမှန်မှာ ၁-၁၁-၂၀၁၀ ဖြစ်ပါကြောင်း။

**ဦးစုရင်ဒါရ်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ အထက(၇) မြောက်ဥက္ကလာပ Grade-11 မှ မောင်စည်သူလင်းနှင့် ဓမ္မမေဒနီ ဘုန်းတော်ကြီးသင်ပညာကျောင်း Grade-9 မှ မောင်အာကာဒေးဗစ် တို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးကျော် ၇/ဒဥန(နိုင်)၀၉၆၂၁၃ ဖြစ်ပါကြောင်း။

**ဦးဖိုးကျော်**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ်(၂၂၂၆)၊ ဦးတင်အေး အမည်ပေါက်သော ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)ရှိ မြေကွက်အနက်မှ မြေကွက်အမှတ် ၂၂၂၅ နှင့် ကပ်လျက်ဘက်မြေ၊ အကျယ်ပေ (၂၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဦးချစ်လွင် ၁၂/အစန(နိုင်)၁၆၄၄၆၇ မှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပါမစ်မူရင်း(၂)ရွက်+စာချုပ်မူရင်း(၃)ရွက်တို့ပါရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်စန်းစန်း(၁၁/စတန(နိုင်)၀၃၇၅၆၆)မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်ရက်မှ(၇)ရက်အတွင်း စာချုပ်စာတမ်း မူရင်း ၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်း၏ ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေခိုင် (ခ)ဒေါ်မြမြငွေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)(၂၀-၇-၁၉၉၈)**
**ရုံး(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်၊ ကွင်းအမှတ်(၆၈၀)၊ ဦးပိုင်အမှတ်(၅၆)၊ မြေဧရိယာ (၁ဒသမ၅) ဧကထဲမှ အကျယ်အဝန်းအရှေ့(၆၃)ပေ၊ အနောက်(၆၃)ပေ၊ တောင် (၄၆)ပေ၊ မြောက်(၄၆)ပေ၊ အိမ်အမှတ်(၅၄၈)၊ ရွှေနှင်းဆီလမ်း(လက်ရှိမြေပေါ်ရှိအတိုင်းအတာ)မြေနှင့်နေအိမ်၊ လျှပ်စစ်မီတာ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ (အုတ်တံတိုင်း၊သံပန်း၊ သံတံခါးခတ်အပြီးအစီး)တို့ကို ဒေါ်သန်းသန်းစု(ခ)ဒေါ်စိုးစိုးဇင် ၉/မနမ(နိုင်)၀၉၁၆၈၆တို့ထံမှ ဒေါ်နုနုရီ ၁၂/သဃက(နိုင်) ၀၂၁၁၃၉က(အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုရီ** | **ဦးနေမျိုးဇော်(LL.B,D.B.L)**
**၁၂/သဃက(နိုင်)၀၂၁၁၃၉** | **တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်လွှာခေါ်ယူခြင်း

အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်။

၁။ ဒိုက်ဦးမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကွင်းအမှတ် ၄၁၀က၊ ကွင်းအမည် ရေသိုးကြီး၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ (၀.၀၅၅၁)ဧက အား ဒေါ်နှင်းချွေး အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေ အလားလေးရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်၊
အရှေ့လားသော်- ရန်ကုန်-မန္တလေးလမ်း၊ အနောက်လားသော်-လမ်းကြား၊ တောင်လားသော်- လမ်း၊ မြောက်လားသော်-ဦးပိုင်အမှတ်(၁၆)

၃။ လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း နောက်ဆုံးထားပြီး ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၎င်းရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည် မဟုတ်ကြောင်း ကြော်ငြာ အပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး**
**ဒိုက်ဦးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃ ရှိ ဒေါ်မြကြည် ၈/မကန(နိုင်) ၀၅၅၈၆၅ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(၁၈၄၉)၊ ဧရိယာ(၀ဒသမ ၀၅၅) ဧက၏ မြေငှားစာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားစာချုပ် မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်သူမှ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားမိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3B/3912 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/9067 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန်(အမည်ပြောင်း/သက်တမ်းတိုး/အသစ်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ် စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါ ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ အမည် | မူလ အမည်ပေါက်သူ | ကွင်းအမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ | ရပ်ကွက်/ အုပ်စု | မှတ် ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးရွှေထွန်း | ဦးစိန် | ၁၅B/ မူရာပင်မင်္ဂလာ ဘုရားကွက် | ၆၇က | ၀ဒသမ၀၅၀ | ရွာဘဲ | ပြောင်း/ တိုး |
| ၂ | ဒေါ်ခွန်းရီ | ဒုတိယဗိုလ်မှူးကြီးစိုးဝင်း | ၄/နဝင်းတိုးချဲ့ | ၃၈ | ၀ဒသမ၁၁၀ | နဝင်း | ပြောင်း/ တိုး |
| ၃ | ဒေါ်သိန်းလှ | ဦးလှသန်း(ခ)ဦးစိုးအောင် | ၄/နဝင်း | ၆၆၅ | ၀ဒသမ ၀၅၂ | နဝင်း | ပြောင်း/ တိုး |

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/8406, Zoomer-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုမြတ်နိုး ၁၄/သပန(နိုင်)၁၁၄၆၅၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/6087 ယာဉ်လက်ဝယ်ရှိသူ ဦးစောဦး ၉/ညဥန(နိုင်)၀၇၃၂၁၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

